
စိတ်ကူးချိုချိုအနုပညာ

ကြပ်ကလေး

# ကြံတိုင်းအောင် နှင့်

## မျှော်ရှင်ပွယ်မုံပြင်များ(၅)



mgyoe.com

ယခင် စန္ဒာမဂ္ဂဇင်းတွင် စောင့်ဖတ်ရင်း
ရယ်မောခဲ့ရသော

**ကြပ်ကလေး ၏ ဟာသပုံပြင်များကို**

တစ်စုတည်း ၁၀ အုပ် စီစဉ်ထုတ်ဝေလိုက်ပါပြီ။

နှာခေါင်းရှည်နတ်ပုလေး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၁)

သက်တံ့ရောင်ကျောက်တုံးလေး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၂)

ဆင့်အချစ်တော်မောင်အောင်ဘော် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၃)

ဒဂိုးတိုင်းပြည် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၄)

ရွှေ့ရွှေ့သွားသော ကျောက်တုံးကြီး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ

ပြောင်းပြန်လက်ရှည်ဝေလေလေ နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ

သီချင်းဆိုသောလက်ညှိုးလေး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ

ကိုယ်ပျောက်ကြက်တောင် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ

စိတ်ဆိုးသွားသော နတ်ပြက်ကလေး နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ

ကြံတိုင်းအောင် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ

**စုစုပေါင်း ပုံပြင် ၁၀၆ ပုဒ်တိတိ**

KKL0006
900.00 KS

mgyoe.com

ကြံတိုင်းအောင်နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၅)

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၁၀၀၅၆၀၉၀၉ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၃၀၀၁၄၀၃၁၀ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း Mg Mg ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ-၅၀၀ ရိုက်နှိပ်ကာ ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ တွင် တန်ဖိုး ၉၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - သစ္စာ

၃၉၈ ・ ၂

ကြပ်ကလေး

ကြံတိုင်းအောင် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၅) / ကြပ်ကလေး။ - ရန်ကုန်။ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၀။

စာမျက်နှာ ၂၃၄ မျက်နှာ၊ ၁၂・၅ စင်တီ× ၁၈・၃ စင်တီ

(၁)ကြံတိုင်းအောင် နှင့် ပျော်ရွှင်ဖွယ်ပုံပြင်များ(၅)

mgyoe.com

mgyoe.com

# မာတိကာ


၁။ ကံဇောပျော် ၁

၂။ ကြွံတိုင်းအောင် ၂၆

၃။ ရန်ဖြစ်တတ်သော လင်မယား ၅၀

၄။ လက်သီး၊ ဖနောင့်၊ ပဲသီးတောင့် ၇၀

၅။ ဆေးဆရာလေး ကိုကောက်ရ ၉၀

၆။ တံမြက်လှည်းသမားလေး ၁၁၂

၇။ ကချေသည်နှင့် ပုဆိုးခြုံ ၁၃၁

၈။ ဖားတွေပျော်တဲ့နေ့ ၁၅၂

၉။ ပန်းတစ်ပွင့်မေပျို ၁၇၃

၁၀။ တိမ်ယံထက်ဗွေ ၁၉၃

၁၁။ စိတ်ပျိုကိုယ်နု ၂၁၆


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ကံဇာပျော်

မောင်ထူးသည် အသက်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်ခဲ့ပေပြီ။ သို့ရာတွင် သူသည် မကြာခဏပင် စိတ်ညစ်ညစ်နေရသည်။

သူသည် ဒုက္ခရောက်နေသူများကို ကယ်ဆယ်လို၏။ သူတစ်ပါးကို ကယ်ဆယ်လိုသော စိတ်စေတနာမှာ မွေးကတည်းက သူ့တွင် ပါလာခဲ့သည်။ ကြုံတိုင်း ကြုံတိုင်းလည်း ကယ်ဆယ်ပါ၏။ သို့သော် သူက ကယ်ဆယ်လိုပါသော်လည်း မကယ်ဆယ်နိုင်သော အဖြစ်မျိုးနှင့်လည်း မကြာခဏပင်ကြုံကြိုက်ရသည်။ မကယ်ဆယ်နိုင်သော အဖြစ်မျိုးနှင့် ကြုံလျှင် သူသည် စိတ်ညစ်တတ်၏။ ထို့ကြောင့်ပင် သူသည် မကြာခဏပင် စိတ်ညစ်နေရခြင်းဖြစ်လေသည်။

သူ့မိဘများသည် ချမ်းသာသူများမဟုတ်ကြပါ။ တစ်နေ့ရှာမှ တစ်နေ့စားကြရသူများဖြစ်သည်။ လောကတွင် သူတို့လိုငွေကြေးမရှိ၍ ဒုက္ခရောက်နေသူများစွာရှိ၏။ မောင်ထူးက ထိုလူများကို ကယ်ဆယ်လိုသည်။ သို့သော် မိမိကိုယ်၌က ဆင်းရဲနွမ်းပါးလှပေရာ ဘဝတူအချင်းချင်းကယ်ဆယ်၍မရပေ။ မိမိက ထိုဘဝမှ ပို၍ကောင်းသောဘဝသို့ ရောက်အောင် လုပ်ပြီးမှ သူတို့ကို ကယ်ဆယ်

mgyoe.com

၍ဖြစ်မည်ဟု မောင်ထူးက တွေးတောမိသည်။

ထိုကြောင့် တစ်နေ့တွင် မောင်ထူးသည် သူ့ဖခင်ထံခွင့်ပန်သည်။

"အဘ ကျွန်တော် ခရီးထွက်ပါရစေ"

သူ့ဖခင်သည် အံ့သြသွား၏။

"ဘာလုပ်ဖို့ ခရီးထွက်မှာလဲကွ၊ ကုန်ရောင်းကုန်ဝယ်သွားဖို့ကလည်း မင့်မှာ အရင်းအနှီးဆိုလို့ တစ်ပြားတစ်ချပ်မှ မရှိဘဲ"

"မဟုတ်ပါဘူး အဘရဲ့၊ ကျွန်တော်က ဒုက္ခရောက်နေသူတွေကို သိပ်ကယ်ချင်နေလို့ပါ"

"မင်းလည်းဒုက္ခရောက်နေတာပဲ၊ မင့်ကိုယ်မင်း အရင်ကယ်ကွ"

"ကျွန်တော်က သူများကိုကယ်နေရရင် ပျော်နေတာ၊ ဒုက္ခမရောက်ပါဘူး။ အခုလည်း သူများကိုကယ်ဆယ်ဖို့ခရီးထွက်မှာပါ"

သူ့ဖခင်သည် တွေသွားမိ၏။

"အေးလေ . . သူများကိုကယ်ဖို့ ဆိုတာက ကောင်းတဲ့ကုသိုလ်ကံဇောပဲ။ မင်းကလည်း ဒီဇောမျိုးနဲ့မှ ပျော်တာကိုးကွ။ ဒီတော့ မင်းခရီးသွားမှာကို ငါခွင့်ပြုတယ်။ ဒါပေမဲ့ မင်းမှာ အတတ်ပညာကလည်း ဟုတ်ဟုတ်ညားညားမရှိ။ ပစ္စည်းဥစ္စာကလည်း ချို့တဲ့။ ဒီတော့ မင်းသိပ်ကယ်နိုင်မှာ မဟုတ်ပါဘူး။ ရေထဲကျနေတဲ့ ပုရွက်ဆိတ်ကလေးကို ကုန်းပေါ်ဆယ်တင်တာမျိုးလောက်ဘဲ လုပ်နိုင်မှာပါကွာ"

"ကိစ္စမရှိပါဘူး အဘရာ၊ လုပ်နိုင်သလောက်ကလေးပဲ လုပ်ရင်းကျွန်တော်အတတ်ပညာနဲ့ စီးပွားဥစ္စာရှာမယ်လေ"

"ကိုင်း ဒါဖြင့် ငါခွင့်ပြုပါတယ်။ သွားပေဦးလေ . . ကုသိုလ်

mgyoe.com


ကံဇောနဲ့ ပျော်တဲ့ကောင်ရေ"

မိခင်ကြီးကမူ သားနှင့်ခွဲရမှာဖြစ်၍ ငို၏။ သို့သော် သားကို ချစ်သဖြင့် သူကောင်းသောဇောနှင့်လုပ်သည်ကိုတော့ မတားမြစ်ပါ။ လမ်းတွင်သားစားစရာထမင်းခြောက်များ၊ ထန်းလျက်၊ အမဲခြောက်စသည့် မသိုးထမင်း မသိုးဟင်းကလေးများနှင့် အဝတ်အထည်ကလေးများကို အထုပ်ပြင်၍ပေးသည်။

မောင်ထူးလည်း မိဘများကိုကန်တော့၍ ခရီးထွက်ခဲ့လေ၏။

ရောက်လေရာတိုင်းတွင် ဒုက္ခရောက်နေသူများကို သူကယ်ဆယ်နိုင်သလောက် ကယ်ဆယ်၏။ မကယ်ဆယ်နိုင်သော ကိစ္စများတွင်တော့ သူစိတ်ညစ်ရသည်။ သို့သော် ကယ်ဆယ်နိုင်သောနည်းလမ်းများကို ခရီးသွားရင်းက စဉ်းစားရှာဖွေသွား၏။

မြို့ပြကျေးရွာများသို့ ရောက်လျှင်လည်း အလုပ်အကိုင်များကို မပျင်းမရိကူညီလုပ်ကိုင်ပေးတတ်သဖြင့် သူ့ကို ကျေးမွေးမည့်သူမရှားပေ။ သို့သော်သူသည် သူတစ်ပါးကို စိတ်တိုင်းကျ ကူညီနိုင်လောက်အောင် အတတ်ပညာနှင့် ပစ္စည်းဥစ္စာများ မပိုင်ဆိုင်ထားရသေးသဖြင့် ဘယ်နေရာတွင်မှ အတည်တကျ မနေသေးဘဲ ခရီးကိုပင် ထွက်နေလေသည်။

ဤသို့ဖြင့် အချိန်ကာလသည် သုံးနှစ်ခန့်ကြာခဲ့ပေပြီ။

မောင်ထူးမှာ မိမိစိတ်မှန်းရာမရသေးသဖြင့် ခရီးထွက်နေရဆဲဖြစ်သည်။ မိဘတွေကိုလည်း လွမ်းလှပြီ။ သို့သော် မိမိ၏ မျှော်မှန်းချက်မပြည့်မြောက်သေးသဖြင့် အိမ်ကိုပြန်ဖို့တော့ စိတ်မကူးတော့ချေ။

တစ်နေ့တွင် မောင်ထူးသည် ကွင်းစပ်တစ်ခုမှ သစ်ပင်ကြီး

mgyoe.com

တစ်ပင်ဆီသို့ရောက်ခဲ့၏။ နေမင်းက ပူပြင်းသဖြင့် အရိပ်ကောင်းသော ထိုသရက်ပင်ကြီး၏ ခြေရင်းတွင် ခေတ္တနား၍ အစားအစာများကို စားနေသည်။ ထိုအခိုက်တွင် စကားသံထွက်ပေါ်လာလေ၏။

"ငါ့ဒုက္ခကို ဘယ်သူမှမကယ်နိုင်တော့ဘူးလား"

မောင်ထူးသည် အလန့်တကြားဖြစ်ကာပတ်ချာလည် လှည့်ကြည့်သည်။ သို့သော်မည်သူ့ကိုမျှ မတွေ့ချေ။

"ဟဲ့ .. မေးနေတာ မကြားဘူးလားကွ"

အသံသည် နောက်တစ်ကြိမ် ထပ်မံ၍ ပေါ်လာပြန်သည်။ မောင်ထူးသည် အလွန်ကြောက်သွားသည်ဖြစ်သောကြောင့် အထုပ်ထဲမှ ဖျင်စောင်ကလေးကို ခပ်မြန်မြန်ထုတ်ကာ ခေါင်းမြီးခြုံ၍ ဖင်ဗူးတောင်းထောင်နေသည်။

"ဩော် .. ခက်တော့နေပါပြီ။ ငါ့ဒုက္ခကို မကယ်နိုင်တော့ဘူးလားလို့ မေးမှ ဖင်ဗူးတောင်းကြီး ထောင်နေပါပကောလား"

မောင်ထူးသည် ခေါင်းမြီးခြုံကလေးကို အသာလှပ်၍ ခေါင်းကလေးပြူကာ ဟိုလှည့်ကြည့် သည်လှည့်ကြည့် လုပ်ရင်းပြန်အော်၏။

"ခင်ဗျား ဘယ်သူလဲ"

"အလို မင်းနဲ့ငါနဲ့ နှစ်ယောက်တည်းရှိတာ ဘာမေးနေစရာလိုသလဲကွ"

"ဟော့လူ မနောက်နဲ့နော်၊ ကျုပ်ကြောက်တတ်တယ်"

"ရော .. ငါတော့ မင်းလိုလူမျိုးမတွေ့ဘူးပေါင်"

"ဘာကြောင့် မတွေ့ဘူးရမှာလဲဗျ။ ကျွန်တော့်လို ကြောက်တတ်

mgyoe.com

mgyoe.com


တဲ့ လူတွေ လောကမှာ တပုံကြီးပဲဟာ"

"မညာနဲ့ကွ၊ မင်းလိုကြောက်တတ်တာတော့ မတွေ့ဖူးဘူး။ မင်းကပဲ တူတာရှိရင် ပြောပြစမ်း"

"ရှိတာပေါ့ဗျ။ တချို့က မှိုပွင့်မြင်လည်း ကြောက်တာပဲ။ ငှက်မွေးလည်း ကြောက်တာပဲ။ ဖားလည်း ကြောက်တာပဲ။ လူအမျိုးမျိုး အကြောက်အမျိုးမျိုးပေါ့ဗျာ"

"သစ်ပင်ကို ကြောက်တဲ့လူ တွေ့ဖူးလား"

"သစ်ပင်တက်ရမှာသာ ကြောက်ချင်ကြောက်မယ်။ သစ်ပင်မြင်လို့တော့ ကြောက်တာမရှိဘူးထင်တယ်"

"အေး . . ဒါကြောင့် မင်းလို လူမျိုး ငါမတွေ့ဖူးဘူးလို့ ပြောတာ။ ငါက သရက်ပင်ပဲကွ မင်းက သရက်ပင်ကြောက်တတ်သလား"

မောင်ထူးသည် ထထိုင်၍ သရက်ပင်ကြီးကို စိုက်ကြည့်သည်။

"ကျွန်တော်က တစ္ဆေမှတ်လို့ ကြောက်တာဗျ"

"မင်းတစ္ဆေကို မြင်ဖူးသလား"

"မမြင်ဖူးဘူး"

"မမြင်ဖူးဘူးရင် မကြောက်နဲ့"

"သစ်ပင်က စကားပြောတာလဲမမြင်ဖူးဘူးဗျ"

"အခု မြင်ဖူးပြီမဟုတ်လား"

"မြင်ဖူးပြီ"

"ဒါဖြင့် ကြောက်ချင်ကြောက်တော့"

"မကြောက်တော့ပါဘူးဗျာ၊ ခင်ဗျားက သစ်ပင်ပဲ ကျုပ်နောက်ကို ထလိုက်လို့ရတာမှ မဟုတ်တာ"

mgyoe.com

"အေး . . ထတော့မလိုက်နိုင်ဘူးပေါ့ကွာ၊ ဒါပေမဲ့ ခုအချိန်မျိုးမှာတော့ မင့်ခေါင်းပေါ် ငါ့အကိုင်းကျိုးကျလို့ ရတယ်ကွနော်"

"ဘယ်လိုလဲဗျ၊ မကြောက်တော့ပါဘူးဆို ပြန်တော့လည်း ချောက်နေပြန်ပြီလား"

"ဟဲ . . ဟဲ . . ချစ်လို့ ကျီစားတာပါကွ၊ ဒါထက် ငါရေငတ်လို့ ငါ့ခြေရင်းကို ရေလေးနည်းနည်းလောင်းပေးစမ်းပါကွာ"

မောင်ထူးသည် ဗူးခြောက်ထဲတွင် ကျန်သမျှရေကလေးကို အကုန်လောင်းပေးရင်း . . .

"ဪ . . စောစောက ခင်ဗျားပြောတဲ့ ဒုက္ခဆိုတာ ရေငတ်လို့လား"

"ဖွတ် . . ဘယ်ကဟုတ်ရမှာလဲကွ၊ ရေငတ်တာက အောင့်နေလိုက်ရင်ရတယ်၊ တော်တော်ကြာ မိုးဦးကျတော့မှာ အဲဒီတော့ ရေတွေကို မနိုင်မနင်း တင်းကျမ်းပြည့်ရမှာကွ"

"ဒါဖြင့် ခင်ဗျားဒုက္ခက ဘာလဲ"

"ဘာဖြစ်လို့ သိချင်တာလဲ"

"ကယ်ချင်လို့ပေါ့ဗျ"

"ဟား . . ဟား . . ဟား . . ဟား"

သစ်ပင်ကြီးသည် တစ်ကိုယ်လုံး ယိမ်းထိုးအောင်ပင် လှုပ်၍ ရယ်လေ၏။

"ကျွန်တော်က ကယ်မယ်ဆိုလို့ ခင်ဗျားကဝမ်းသာပြီး ရယ်တာလား"

သစ်ပင်ကြီး၏ ရယ်သံမှာ ချက်ချင်းတိတ်သွားလေသည်။

"ဘယ်ဟုတ်မှာလဲ၊ မင်းလို အကောင်ညံ့ကလေးကများ ငါ့ဒုက္ခ

mgyee.com

mgyoe.com


ကို ကယ်ချင်တယ်ဆိုလို့ သဘောကျပြီး ရယ်တာကွ၊ မတန်မရာ တွေမလုပ်နဲ့လေ"

"အဲဒီလိုပြောတာတော့ ကျုပ်စိတ်ဆိုးတယ်။ ကျုပ်ဟာ လူဗျ။ အထင်မသေးပါနဲ့၊ ကျုပ်ဟာ လူ၊ ခင်ဗျားလို သစ်ပင်မဟုတ်ဘူး"

"အေးပါကွာ၊ လောကမှာ ညံ့စရာရှိရင်လည်း လူကို ဘာကမှ မမီဘူး။ တော်စရာရှိရင်လည်း လူကို ဘာကမမီဘူး။ မြင့်မြတ်တာလဲ လူပဲကွ၊ ဒါပေမဲ့ ယုတ်ညံ့တာလဲ လူပဲကွ"

"နေပါဦး၊ လူပဲဆိုတာ ရေဘဲထက်ပိုကြီးသလား"

"အောင်မယ် .. အောင်မယ်၊ ဒီကောင်က သူ့ကိုငါက ရှုတ်ချလို့ စကားတွေလမ်းလွှဲပစ်တယ်၊ ကဲပါလေ စကားရှည်ရှည်ပြောရရင် ငါ ရေထပ်ငတ်မယ်၊ ငါ့ဒုက္ခက တခြားမဟုတ်ဘူး၊ အသီးသီးရင် ငါ့အသီးတွေက တစ်ခြမ်း၊ မာလကာသီးကတစ်ခြမ်း ဖြစ်ဖြစ်နေတယ်ကွ၊ သရက်ပင် အချင်းချင်းက အတင်းပြောကြတယ်။ ငါဟာ မာလကာပင်နဲ့ ဖောက်ပြန်လို့ ငါ့အသီးတွေကပြား ဖြစ်ကုန်သတဲ့ကွ။ ငါရှက်တယ်။ အဲဒါ ငါ့ဒုက္ခပဲ" .

သရက်ပင်ကြီး၏ စကားကိုကြားရသောအခါ မောင်ထူးသည် အလွန်ပင်ဝမ်းနည်းပြီး ငိုကြွေးမိ၏။

"ခင်ဗျားဒုက္ခကို မကယ်နိုင်တာ ကျုပ်သိပ်စိတ်ညစ်သွားရပြီ"

"မညစ်ပါနဲ့ကွာ၊ မင်းလိုကုသိုလ်ကံဇာကောင်းတဲ့ ကောင်ဟာ သူများကို ကယ်နိုင်တဲ့ဘဝကို ရောက်မှာပါလေ"

"ခင်ဗျားလို ဒုက္ခမျိုးကို ဘယ်သူကယ်နိုင်သလဲ"

"ကုစ္ဆာရသေ့ကြီးတော့ ကယ်နိုင်မှာပဲ"

"သူ ဘယ်မှာနေသလဲ"

mgyoe.com

mgyoe.com

"ဒါတော့ ငါလည်းမသိဘူး။ ငါက သစ်ပင်ပဲကွ၊ မင်းလို လျှောက်သွားနေလို့ ရတာမှမဟုတ်တာ၊ ဘယ်မှာ ဗဟုသုတ စုံလင်မှာလဲ၊ ကဲကွာ မင်းခရီးသွားရင်း ဣစ္ဆာရသေ့ကြီးနဲ့များ မတော်တဆ ကြုံကြိုက်ရင် ငါ့အဖြစ်ကို လျှောက်တင်ပေးစမ်းပါကွာ နော်"

"စိတ်ချ စိတ်ချ၊ ကျုပ် ဣစ္ဆာရသေ့ကြီးကို တွေ့အောင်ရှာမယ်"

မောင်ထူးသည် ထိုနေရာမှ ထွက်ခွာခဲ့၍ များမကြာမီပင် ချောင်းကလေးတစ်ခုသို့ ရောက်ခဲ့သည်။ သို့သော် ချောင်းရေမှာ နောက်ကျူလှသဖြင့် သောက်ရေတော့မရ၊ ခြေလက်မျှသာ ဆေးကြောရသည်။ ချောင်းမှာ ကန့်လန့်ဖြစ်နေသဖြင့် မောင်ထူးသည် သူ့ခရီးကို ဆက်ရန်ခြေသလုံးတစ်ဝက်မျှသာ ရေရှိသော ထိုချောင်းကလေးကို ဖြတ်ကျော်ရလေ၏။ ချောင်းကလေး၏ တစ်ဝက်သို့ ရောက်သည်တွင် အသံသည်ထွက်ပေါ်လာလေသည်။

"ဟဲဟဲ . . ဟဲဟဲ"

မောင်ထူးသည် ခြေစုံရပ်လိုက်မိလေ၏။

"အောင်မယ် . . ချောင်းကလည်း ရယ်သလိုပါလား"

"ရယ်တာပဲ ဉစ္စာ . . ရယ်သလိုပါကလားလို့ ပြောနေရသေးတယ်"

"ခင်ဗျားဘယ်သူလဲ သရက်ပင်တော့ မဟုတ်ပါဘူးနော်"

"ဒီကောင် ဂယောင်ချောက်ချားနဲ့ပါလား၊ ဒီနားမှာ သရက်ပင်လည်း တစ်ပင်မှမရှိဘဲနဲ့ ဘာတွေလာပြောနေရတယ် မသိပါဘူး"

"ခင်ဗျား ဘယ်သူလဲ"

"ငါ ချောင်းပေါ့ကွ၊ ဘာကြောင်နေတာလဲ၊ မင်း ချောင်းသံ မကြားဖူးဘူးလား"

mgyoe.com

mgyoe.com


"ကျုပ် ကြားဖူးတဲ့ ချောင်းသံကတော့ အဟမ်း . . အဟမ်း . . အဟွတ် . . အဟွတ် အဲဒါမျိုးဘဲ ကြားဖူးတယ်"

"ဟာ . . အဲဒါက ရင်ကျပ်ပန်းနာပဲကွ"

"သလိပ်ကပ်ရင်လည်း ဒီလိုပါပဲလေ"

"ရှည်မနေပါနဲ့၊ အဲဒီဟာတွေက ငါနဲ့မဆိုင်ပါဘူး။ ငါက ရေစီးတဲ့ချောင်းပါကွ။ ကဲပါလေ . . သွားမှာသာ ဆက်သွားပါတော့၊ မင်းက ခပ်ညံ့ညံ့အကောင်ဆိုတော့ ငါ့ဒုက္ခကို ကယ်နိုင်မှာမဟုတ်ပါဘူး"

ချောင်းကလေးက ဒုက္ခရောက်နေသည်ဟု သိရသည်နှင့်တစ်ပြိုင်နက် မောင်ထူးသည် ရှေ့ဆက်ခရီးမသွားနိုင်ဘဲ စိတ်ပါဝင်စားလာလေ၏။

"ခင်ဗျားဒုက္ခကို ကျုပ်သိပါရစေလားဗျာ"

"ဘာလုပ်မလို့လဲ"

"ကယ်နိုင်မလားလို့"

"တော်စမ်းပါကွာ မင်းလိုလူညံ့က"

"လူကို အထင်မသေးနဲ့ဗျ"

"လူကိုလည်း အထင်မသေးဘူး၊ တိရစ္ဆာန်တွေကိုလည်း အထင်မသေးဘူး၊ ငါက အရှိကို အရှိအတိုင်း ပြောတာပဲ မင်းကိုညံ့လို့ညံ့တယ်ပြောရင် မခံချင်မဖြစ်စမ်းပါနဲ့"

"ဩော် . . ကိုယ့်ကို လူညံ့လို့ ခေါ်ရင် ဝမ်းသာအားရနဲ့ လက်ကလေးနှစ်ဖက်မိုးပေါ်မြှောက်ပြီး လှည့်ပတ်ကခုန်ရမယ်ဆိုပါတော့"

"ဟဲဟဲ . . ဟဲဟဲ ဒီလိုဆိုတော့လည်း မင်းဟာညံ့ရုံတင်မကဘူး၊

mgyoe.com

mgyoe.com


ချာလည်းချာသေးသကိုး။ ငါ့ဒုက္ခကတော့ အစကတော့ ငါ့ရေတွေဟာ ကြည်လင်နေတယ်။ အခု နောက်ကျူနေပြီကွ၊ အဲဒီလို ရေတွေနောက်ရင် ငါ့စိတ်တွေလည်း နောက်ကရောကွ"

မောင်ထူး ဝမ်းနည်းရပြန်လေပြီ။ ချောင်းကလေး၏ ဒုက္ခကိုသူမကယ်နိုင်။

"ခင်ဗျားရဲ့ဒုက္ခကို ကျုပ်မကယ်နိုင်လို့ စိတ်ညစ်ရတယ်ဗျာ"

"မညစ်ပါနဲ့ကွာ၊ ငါကလည်း မင်းလိုကောင်မျိုး ကယ်နိုင်မယ်မထင်ပါဘူး။ ငါ့ထိုက်နဲ့ ငါ့ကံသာ ထားပါတော့။ တကယ်လို့များ ဣစ္ဆာရသေ့ကြီးကိုတွေ့ရင်တော့ ငါ့အဖြစ်ကို လျှောက်လိုက်ပါကွာနော်"

"လာပြန်ပြီ ဣစ္ဆာရသေ့ကြီး"

"ဟ . . . ရသေ့ကြီး ဘယ်တုန်းက လာသေးလို့လဲ"

"မဟုတ်ပါဘူး၊ ဒီဣစ္ဆာရသေ့ကြီးနာမည်ကို ခဏခဏကြားလို့ပါ။ ဒီရသေ့ကြီးက စွမ်းသလား"

"ဟေ့ . . ဣစ္ဆာဆိုတာ ပါဠိစကား၊ အဓိပ္ပာယ်က လိုချင်ချင်းပဲကွ"

"ဒါဖြင့် ဒီရသေ့ကြီးက အားရင် လိုချင်နေတာပဲလား"

"ဟာ မဟုတ်တာပြောတဲ့နေရာမှာတော့ မင်းဟာ လူတော်ပါကလား၊ သူတစ်ပါးရဲ့အလိုတွေကို ဖြည့်တဲ့နေရာမှာ သိပ်စွမ်းလို့သူ့ကိုဣစ္ဆာရသေ့ကြီးလို့ခေါ်တာ။ သူက အတတ်ပညာတွေကို သိပ်တတ်တာ"

"ဟာ . . ဒါဖြင့် ကျွန်တော် သူ့ကိုတွေ့အောင်ရှာမယ်"

ထို့နောက် မောင်ထူးသည် ချောင်းကလေးကိုဖြတ်၍ ထွက်လာ

mgyoe.com

mgyoe.com

ခဲ့တော့သည်။ မကြာမီပင် မောင်ထူးသည် တောအုပ်ကလေးတစ်ခု၏ အစပ်သို့ရောက်ခဲ့ရာ ရသေ့များနေထိုင်လေ့ရှိသော ကျောင်းသင်္ခမ်းကလေးတစ်ခုကို တွေ့ရလေတော့သည်။ ထိုအခါ မောင်ထူးသည် ဝမ်းသာသွားကာ အမောပင်မပြေနိုင်ဘဲ ကျောင်းသင်္ခမ်းထဲသို့ဝင်သွားလေ၏။ အထဲတွင်ကား ရသေ့ကြီးတစ်ပါးသည် လဲလျောင်းနေသည်။

"မင်းက ဘယ်သူလဲ"

"တပည့်တော်က မောင်ထူးပါဘုရား၊ အရှင်ဘုရားက ဘယ်သူလဲ"

"ငါက ဣစ္ဆာရသေ့လေ"

"ဟာ . . ဟန်ကျတာပဲ၊ အရှင်ဘုရားကို ရှာနေတာ"

ပြောပြောဆိုဆိုနှင့် မောင်ထူးသည် ဒုတ်ကလေးနှင့်လျှို၍ ထမ်းလာသော အထုပ်ကလေးကိုချကာ ရသေ့ကြီး၏ ခြေသလုံးကို ပြေး၍နှိပ်နယ်ပေးလေ၏။ နှိပ်နယ်ပေးရင်းက စကားကို တစ်လုံးနှစ်လုံးပြောရင်း တပည့်ခံမည်ဟု သူကြံထားလေသည်။

"အရှင်ဘုရား နံနက်မှာ ဘာလုပ်သလဲဘုရား"

"ငါလား အိပ်ရာကထ၊ တောထဲသွားပြီး သစ်သီးဝလံတွေ ရှာတာပေါ့ကွ"

"နေ့လယ် နေ့ခင်းတော့ ပျင်းပျင်းနဲ့ လှဲပြီးရောက်တတ်ရာရာတွေ စဉ်းစားတာပဲ"

"ဒါဖြင့် ညဘက်ကျတော့ကော"

"ညဘက်ကျတော့ အိပ်တော့တာပေါ့ကွ၊ ဒါ ဘာမေးစရာရှိသလဲ၊ အဲ . . အိပ်မပျော်ရင်တော့ ဆာဆာနဲ့ အာရုံတက်အောင်

mgyoe.com

mgyoe.com


ထိုင်စောင့်တော့တာပေါ့"

"ဟင် .. ဒါဖြင့် ပညာတွေကို ဘယ်အချိန်လေ့ကျင့်ပွားများပါသလဲဘုရား"

"သြော် .. ငါ့ပညာတွေကိုလား။ ဒါတွေတော့ ကြုံရင် ကြုံသလို အသုံးချတာပေါ့ကွာ"

"အရှင်ဘုရား ပညာတွေကတော့ အတော်တတ်မှာပဲနော်"

"သိပ်မများပါဘူးကွာ၊ လက်ချိုးရေလို့ရပါတယ်။ သရက်သီးအမှည့်နဲ့ အစိမ်းကို ခွဲခြားတတ်တယ်။ တံချူတံတိုနေရင် ဆက်တတ်တယ်။ ဝါးလုံးရေထဲမှာ ပေါ်နေရင် အခေါင်းထဲရှို့ထည့်ပြီး နစ်အောင်နှစ်တတ်တယ်"

မောင်ထူးသည် မျက်လုံးပြူးသွားမိတော့သည်။

"ဟင် ... အရှင်ဘုရားက ဣစ္ဆာရသေ့ကြီးဆို"

"ဟုတ်တယ်လေကွာ၊ ငါက ညအိပ်ရင် ဆာတတ်တယ်ကွ၊ ဒါ့ကြောင့် ငါ့နာမည်က အိပ်ဆာရသေ့ .. အိပ်ရင်ဆာတဲ့ရသေ့လို့ တွင်နေတာပေါ့"

"အို .. သေတော့မှာပဲ၊ ဒါနဲ့တောင် ညာပြီး အနှိပ်ခံနေသေးတယ်"

"ဘာလဲကွ .. မင်းကို ငါက အနှိပ်ခိုင်းသလား၊ မင်းဘာသာမင်းဘဲမနေနိုင်မထိုင်နိုင်လို့ အတင်းဝင်ပြီး နှိပ်တာပဲဟာ။ မင်းလုပ်လို့ နောက်နေ့တွေတောင် ငါညောင်းတတ်တော့မှာ စိုးနေရပြီ"

ရသေ့ကြီးလည်း စိတ်ပျက်၏။ မောင်ထူးလည်း စိတ်ပျက်၏။

"ဒါဖြင့်လည်း တပည့်တော် ခရီးဆက်တော့မယ်။ ပါဠိနာမည်နဲ့ ဣစ္ဆာရသေ့ကြီးက ဘယ်မှာလဲ"

mgyoe.com

mgyoe.com


"ဘယ်သိပ်ပါ့မလဲကွာ၊ ဒါပေမဲ့ မင်းတစ်ခုမှတ်သွားဖို့က ပါဠိလိုပဲ အိပ်အိပ်၊ မြန်မာလိုပဲ အိပ်အိပ်၊ ညစာ မစားထားရင်တော့ အိပ်သမျှဆာမှာပဲကွနော်"

မောင်ထူးသည် ဘာမျှပြန်မလျှောက်တော့ဘဲ အထုပ်ကလေး ထမ်းကာ ခရီးဆက်ခဲ့လေတော့သည်။

သို့သော် ပျောက်သောသူပင်ရှာ၍တွေ့နိုင်သေးရကား။ ဣစ္ဆာရသေ့ကြီးမှာ ပျောက်ရှခြင်းမရှိသောကြောင့် ရက်များမကြာမီပင် မောင်ထူးသည် ဆိုက်ဆိုက်မြိုက်မြိုက်သွားတွေ့တော့သည်။ တောင်ငယ်တစ်ခုလိုဏ်ဂူထဲတွင် ဖြစ်သည်။

ဣစ္ဆာရသေ့ကြီးကား အိပ်ဆာရသေ့နှင့်လုံးဝမတူပါ။ ဣန္ဒြေသိက္ခာအလွန်ရှိသည်။ ထာဝစဉ်လိုလိုပင် သူ့နှုတ်က သတ္တဝါအပေါင်း ကျန်းမာချမ်းသာစေရန် ဆုတောင်းမေတ္တာပို့နေတတ်၏။ သနားကရုဏာစိတ်နှင့်လည်း ပြည့်စုံသည်။

မောင်ထူးသည် ဣစ္ဆာရသေ့ကြီးထံတွင် ပညာများသင်ကြား၏။ ရသေ့ကြီးသည် တွေးခေါ်ကျက်ဖတ်ရသည့် ပညာများကိုသာမက ရန်ကိုကာကွယ်နိုင်သော ဓားရေး၊ လှံရေးအတတ်မျိုးကိုပါ သင်ကြားပို့ချပေးသည်။ သို့သော် သူ့ထံတွင် ဓားလှံလက်နက်များမရှိသဖြင့် ဝါးဒုတ်များဖြင့်သာ သင်ကြားပေး၏။

အတတ်ပညာများစုံသောအခါ မောင်ထူးသည် ရသေ့ကြီးကို ကန်တော့သည်။

"အိမ်း . . သာဓု၊ သာဓု၊ သာဓု၊ ငါ့တပည့်ဟာ လုံ့လထက်သန်မှု ရှိလို့ မုချချမ်းသာမယ်။ မိဘနဲ့တစ်ကွ သတ္တဝါအပေါင်းကို ကရုဏာထားလို့အသက်ရှည်မယ်ကွဲ့၊ ငါ့တပည့်ကို ငါက နာမည်ပြောင်း

mgyoe.com

ပေးလိုက်မယ်။ မှတ်သွား မင်းဟာ ကောင်းသော စိတ်စေတနာ ကံဇောနဲ့နေရရင် ပျော်မွေ့တဲ့အတွက် မင်းနာမည်ဟာ ဒီကနေ့ ကစပြီး ကံဇောပျော်ဖြစ်စေ"

"ကောင်းပါပြီ အရှင်ဘုရား၊ ဒါထက် တပည့်တော် ဒီကိုလာခဲ့ စဉ်မှာ သရက်ပင် တစ်ပင်နဲ့ကြုံခဲ့ရပါတယ်"

ကံဇောပျော် (ခေါ်) မောင်ထူးက သရက်ပင်၏အဖြစ်ကို ပြော ပြ၏။

"ဩော် .. ဒါက ဒီလိုကွဲ့၊ တစ်ခါက တက္ကသိုလ်ပြည်က ပညာသင်ပြီး ပြန်လာတဲ့ မင်းသားတစ်ပါးက ပညာစမ်းတဲ့အနေနဲ့ ဆေးရည်တစ်မျိုးလောင်းသွားလို့ဖြစ်တာပါ။ လွယ်ပါတယ်။ သစ်ပင် ကိုခြေကန်ပြီး မောလကာမရာနဲ့ဆိုတဲ့ ဂါထာကိုအသက်အောင့်ပြီး ခုနစ်ခေါက်ရွတ်ပေးလိုက်ရင်ပြီးရော"

ကံဇောပျော်သည် ချောင်း၏ ဒုက္ခကိုထပ်မံ၍ လျှောက်ထားပြန် လေ၏။

"ဩော် ဒါလည်း မခက်ပါဘူးကွာ။ ချောင်းရဲ့အဖျားခံတဲ့ စမ်း ထဲမှာ မကြာခင်ကမှ သုံးတောင်အရှည်ရှိတဲ့ တီကောင်ကြီးရောက် နေလို့ပါ။ တီကောင်ကိုဖယ်ရှားလိုက်ရင် ပြီးရောပေါ့"

ကံဇောပျော်လည်း ဆရာရသေ့ကြီးကိုရိုသေစွာ ဦးချနှုတ်ဆက် ၍ ချောင်းကလေးဆီသို့ ပြန်လာခဲ့လေသည်။ ချောင်းကလေးဆီ သို့ရောက်သောအခါ အဖျားသို့ရောက်အောင်သွား၏။ မကြာမီ ဣသာရသေ့ကြီး၏ စကားအတိုင်းပင် တီကောင်ကိုတွေ့တော့သည်။ ထိုအခါ ကံဇောပျော်သည် ပါလာသောဒုတ်နှင့် ရိုက်မည်ပြု၏။

"နေပါဦးလေ ခင်ဗျားက ကျုပ်ကို ဘာဖြစ်လို့ ရိုက်သတ်မှာလဲ"

mgyone.com

 mgyoe.com


"ငါဟာ ဒုက္ခရောက်နေသူတွေကို ကယ်တတ်တယ်။ ချောင်းကလေး ဒုက္ခရောက်နေတာကို ကယ်မလို့ကွ"

"ဖြစ်မှဖြစ်ရလေဗျာ၊ သတ္တဝါတွေသနားလို့ ရိုက်သတ်မယ်ဆိုတဲ့ လူစားပါကလား၊ သူတော့ကယ်မယ် ကျုပ်ကိုတော့ ရိုက်သတ်မယ်လား မကောင်းပါဘူးဗျာ"

ကံဇောပျော်သည် ငိုင်သွားမိတော့၏။

"အင်း . . မင်းပြောတာလည်း မှန်တယ်၊ ငါဘာလုပ်ရကောင်းမလဲ"

"ကျုပ်ကိုဖမ်းပြီး လယ်ကွင်းတစ်ခုထဲသွားပို့ဗျာ၊ ကျုပ်လည်းဒီမှာ စိတ်ညစ်နေတယ်။ လယ်ကွင်းထဲရောက်ရင် ကျုပ်လည်းပျော်ရော၊ လယ်မြေဩဇာလည်း ကောင်းရောပေါ့"

တီကောင်ကြီး ပြောသောစကားမှန်သဖြင့် ကံဇောပျော်သည် ရှည်လျားသော တီကောင်ကြီးကို လည်ပင်းတွင် ပတ်၍ ထွက်လာခဲ့လေ၏။

ထိုအခိုက်တွင် သူခိုးတစ်ယောက်သည် ဓားလွယ်ကြီးတစ်ခု ခိုးယူ၍ ပြေးလာရာ ကံဇောပျော်နှင့် ရင်ဆိုင်တွေ့တော့သည်။ ထိုအခါ သူခိုးက လူကောင်းယောင်ဆောင်၍ ခပ်တည်တည်ပြောသည်။

"ခင်ဗျားက ခရီးသည်လား"

"ဟုတ်ပါတယ်ဗျာ"

"ဒါဖြင့် ဟိုရှေ့ဆက်သွားရင် ရွာတွေ့လိမ့်မယ်။ အဲဒီရွာထဲမှာ ကျုပ်အိမ်ရှိတယ်။ တည်းခိုပေါ့။ ဟယ် . . ခင်ဗျားလည်ပင်း ကြီးက ဘာရောဂါလဲ"

mgyoe.com

သူခိုးသည် ပြောရင်းက လက်တစ်ဖက်ဖြင့် တီကောင်ကြီးကို လှမ်းစမ်းသည်။

"ရောဂါမဟုတ်ပါဘူးဗျ၊ တီကောင်ကြီးပါ"

"ဂစ်"

သူခိုးသည် လန့်၍တက်သွားလေတော့၏။ ကံဇောပျော်သည် တီကောင်ကြီးကို အရင်သွား၍ လွှတ်ခဲ့ပြီးမှ သူခိုးထံပြန်လာခဲ့သည်။ သူခိုးကားသတိရပြေးနှင့်လေပြီဖြစ်၏။ သို့သော် ဓားလွယ်ကြီးကမူ ကျန်ရစ်ခဲ့သဖြင့် ကံဇောပျော်လည်း ဓားကိုလွယ်ကာထွက်ခဲ့ရသည်။

မကြာမီပင် သရက်ပင်ကြီးဆီသို့ ရောက်ခဲ့၏။

"ဟော့ . . ဘယ့်နှယ်လဲ၊ ဣစ္ဆာရသေ့ကြီးတွေ့ခဲ့ပြီလား"

"တွေ့ခဲ့လို့ ချောင်းတောင် ကောင်းသွားပြီ"

"ဘယ့်နှယ်လဲ၊ မင်းက သူ့ချောင်းဆိုးရောဂါကိုသွားပြီး ကုပေးရသလား"

"ကဲပါ စကားမများနဲ့ တိတ်တိတ်နေ"

ကံဇောပျော်သည် သရက်ပင်ကိုခြေဖြင့်ကန်၍ ဂါထာစုတ်ရန် ပြင်သည်။

"ဟော့ကောင် ငါက ညောင်းတာမဟုတ်ဘူးကွ၊ နင်းမပေးပါနဲ့"

"ဩော် . . တိတ်တိတ်နေပါဆိုမှ စကားထပ်ပြောရင် ကျုပ် မကယ်တော့ဘူးဗျာ"

"ကဲ . . ဒါဖြင့်ရင် တိတ်တိတ်ကလေးနေပါတော့မယ်။ တော်တော်လည်း သဲတဲ့ ကိုဈေးကိုင်ကြီးရယ်"

"ကျုပ်နာမည်က ဈေးကိုင်မဟုတ်ဘူး၊ ကံဇောပျော်ဗျ"

mgyoe.com

 mgyoe.com 

ထို့နောက် ကံဇောပျော်သည် "မောလကာမရာနဲ့" ဂါထာကို စုတ်ပေးတော့သည်။

ချောင်းကလေးလည်း ပျော်ရွှင်သွားခဲ့ပြီ၊ သရက်ပင်ကြီးလည်း ပျော်ရွှင်သွားခဲ့ပြီ၊ သို့ဖြစ်သောကြောင့် ကံဇောပျော်သည် ခရီးကို ဆက်ခဲ့ရင်း ဒုက္ခရောက်သူများကို ကယ်ဆယ်ချင်တိုင်း ကယ်ဆယ်နိုင်အောင် ငွေကြေးဥစ္စာရှာရန် ခရီးဆက်ခဲ့လေတော့သည်။

ရက်ပေါင်းအတော်ကြာသောအခါ ကံဇောပျော်သည် တောအုပ်ကလေးတစ်ခုမှ ထွက်လိုက်မိသောအခါတွင် အလွန်ထူးဆန်းသော ရဲတိုက်ကြီးတစ်ခုကို တွေ့ရတော့သည်။ ရဲတိုက်ကြီးသည် တိုင်လုံးကြီးတစ်ခုနှင့် တူလှသည်။ အောက်တွင်အပေါက်တစ်ခုမရှိ၊ ခေါင်မိုးနားတွင်သာ အလွန်ကျယ်သော ပြတင်းပေါက်တစ်ပေါက်ရှိသည်။ ထိုပြတင်းပေါက်သည် မြေကြီးမှဆိုလျှင် အလွန်မြင့်၏။ ရဲတိုက်ကြီး၏ နံရံတို့မှာ ချောမွတ်နေသည်။ ထို့ထက် ဆိုးသည်ကား ထိုရဲတိုက်ကြီးကို ဝိုင်း၍ ကျုံးကြီးရှိသည်။ ထိုကျုံးထဲတွင်ကား များစွာသော မိချောင်းတို့သည် လှုပ်ရှားသွားလာနေကြသည်ကို မြင်နိုင်၏။

ထိုရဲတိုက်မျိုးတွင် မည်သို့သောသူများနေပါသနည်းဟု သိလိုသဖြင့် ကံဇောပျော်သည် ကျုံးတစ်ဖက်စပ်ရှိ သစ်ပင်ရင်းတွင်ထိုင်၍ ပြတင်းပေါက်ကို ငေးကြည့်နေသည်။ ထိုသို့ ငေးကြည့်နေခိုက်တွင် ပြတင်းဝတွင် အသက်ဆယ့်ခုနှစ်နှစ်ခန့် မိန်းမပျိုတစ်ယောက်လာ၍ရပ်၏။ ပြတင်းပေါက်အောက် ဘောင်မှာ မိန်းမပျို၏ ရင်ထက်မြင့်သဖြင့်အတွင်းက ကြမ်းပြင်မှာတော်တော်နိမ့်ကြောင်းသိရသည်။

mgyoe.com

mgyoe.com


"အလို့. . နှမငယ်၊ ဘယ်လိုတက်ပြီး ဒီပေါ်ရောက်နေတာတုံး"

ကံဇောပျော်သည် သစ်ပင်ရင်းမှ ထွက်၍ ကျိုးစပ်က အော်ပြောသည်။ မိန်းမပျိုသည် အံ့အားသင့်သွား၏။

"မောင်တော်ဟာ ဘယ်သူမှန်းတော့ မသိဘူး၊ ဒါပေမဲ့ ကျွန်မ ဘယ်သူလဲလို့ဆိုတာကို မသိချင်ပါနဲ့တော့ ကျွန်မဟာ ဒုက္ခရောက်နေသူတစ်ဦးပါပဲ"

"ကျုပ် ကယ်မယ်လေ နှမတော်၊ ဘာဖြစ်တယ်သာပြောပါ"

"အို . . မောင်တော် မကယ်နိုင်ပါဘူး၊ ဒီမှာ သိပ်အန္တရာယ်များပါတယ်။ ပြေးပါ"

"ကျုပ်မှာ အတတ်ပညာရှိလို့ ကျုပ်မကြောက်တတ်ဘူး၊ ဘယ်လိုလာခဲ့ရမလဲဆိုတာသာပြောပါ"

ထိုခဏတွင် မိန်းမပျိုသည် တည့်တည့်အဝေးသို့ ကြည့်ကာ ထိတ်လန့်သွား၏။

"မောင်တော် ပုန်းနေတော့ နောက်တော့မှ စကားဆက်ပြော"

ပြောပြောဆိုဆိုနှင့် မိန်းမပျိုသည် ပြတင်းဝမှအတွင်းသို့ ဝင်၍ ကွယ်သွားသည်။ ကံဇောပျော်လည်း သစ်ပင်ရင်းသို့ ပြန်ကပ်ကာ အပေါ်သို့ ချောင်းကြည့်သည်။

ကောင်းကင်မှ ကော်ဇောပျံဖြင့် လူတစ်ယောက်သည် တရိပ်ရိပ်ရောက်လာ၏။ သူသည် မင်းသားတစ်ပါးဖြစ်နေကြောင်းကို သူ့အဝတ်အစားများက ဖော်ပြနေသည်။ ဓားလွယ်ကိုလည်း လွယ်ထား၏။

ကော်ဇောပျံသည် ပြတင်းဝထဲသို့ ဖြောင့်တန်းစွာ ဝင်ရောက်သွားလေတော့သည်။

mgyoe.com

mgyoe.com


ကံဇော်ပျော်သည် သစ်ပင်ရင်းက ချောင်းနေရင်းကပင် တွေး တောနေ၏။ သို့သော် မိန်းမပျို၏ အကြောင်းကို ဘာတစ်ခုမှ တွေး တော၍မရချေ။

ခဏအကြာတွင်ပင် ကော်ဇောပုံသည် ပြတင်းမှပြန်၍ ထွက် လာ၏။ စောစောက မင်းသားလည်း ပြန်ပါလာသည်။ အပြန်တွင် တော့ သူသည်အလာတုန်းကလို ထိုင်မလာ၊ မတ်တပ်ကြီးရပ်၍ ခါးတစ်ဖက်ထောက်ကာ ကော်ဇောပုံကိုစီးလာသည်။ မျက်နှာလည်း အလွန်သုန်မှုန်နေ၏။

ကော်ဇောပုံသည် တရိပ်ရိပ်နှင့်အဝေးက တောင်တန်းတွေကို ကျော်လွန်ပျောက်ကွယ်သွားတော့မှ ပြတင်းဝမှ မိန်းမပျိုသည် ပြန် ထွက်လာ၏။

"ဒီမှာ နှမတော်၊ ကျုပ်တက်ခဲ့မယ်၊ နည်းလမ်းသာပြ"

"မောင်တော် သေမှာမကြောက်ဘူးလား"

"အလကားတော့ မသေချင်ဘူးပေါ့၊ ကျုပ်သေလို့ နှမတော် အကျိုးရှိမယ်ဆိုရင် သေချင်သေပါစေ"

"ကဲ .. ဒါဖြင့်ရော"

မိန်းမပျိုသည် ဖွတ်မြီးထိုးထားသော သူ့ဆံပင်ရှည်ကြီး၏အဖျား ကို ပစ်ချပေးသည်။ ကံဇော်ပျော်သည် ထိုဆံပင်ကို သစ်ပင်တွင် မြဲစွာချည်၍ ထိုဆံပင်တန်းကိုခိုကာ ရဲတိုက်ပေါ်သို့ တက်ခဲ့သည်။ ထို့နောက် လက်ထဲကဓားဖြင့် မိန်းမပျို၏ ဆံပင်ကိုပြတင်းပေါက် မှ ကုန်း၍ ခုတ်ဖြတ်သည်။ ထိုအခါ မိန်းမပျို၏ဆံပင်မှာ ခြေဖျား အထိ ကျန်သေး၏။

ထို့နောက် မိန်းမပျိုသည် သူ့အကြောင်းကိုပြောပြတော့သည်။

mgyoe.com

mgyoe.com


သူကား မေတ္တာဝတီတိုင်းပြည်မှ ဘုရင့်သမီးတော်ဖြစ်၏။ သာဂရဝတီပြည်မှ မင်းသားဖြစ်သူ နောင်ချမ်းကုမာရက ကော်ဇောပျံနှင့် ခိုးယူလာခဲ့သည်။ သူ့ကို မေတ္တာမထားမချင်း ဤသို့ပင်နှောင်သွင်းအကျဉ်းချထားမည်ဟုပြောသည်။ နေ့တိုင်းပင် ကော်ဇောပျံနှင့် လာ၍မေတ္တာရှိပြီလောဟု မေးတတ်၏။ မင်းသမီးကလေး ခင်ချိုသာကလည်း မေတ္တာမမျှနိုင်သဖြင့် ယခုကဲ့သို့ပင် အကျဉ်းကျနေရကြောင်းပြောပြသည်။

ကံဇောပျော်သည် မင်းသမီးကလေးခင်ချိုသာကို သနားရုံတွင်မက နှစ်သက်ချစ်ခင်လာသဖြင့် ဖွင့်ဟပြောကြားရာ ခင်ချိုသာကလည်း စုံမက်ချစ်ခင်သွား၏။

ကံဇောပျော်သည် နောက်တစ်နေ့တွင် နောင်ချမ်းကုမရ၏ အလာကို ပုန်း၍ စောင့်နေသည်။ အချိန်ကျသောအခါ နောင်ချမ်းကုမာရသည် ရောက်ရှိလာလေ၏။

"ဘယ်လိုလဲ မင်းသမီး ခုထက်ထိ မာနကြီးနေတုန်းပဲလား"

ခင်ချိုသာက ဘာမှပြန်မပြောဘဲ နေစဉ်ကံဇောပျော်သည် ပုန်းနေရာမှ ထွက်လာခဲ့သည်။ နောင်ချမ်းကုမာရသည် မမျှော်လင့်ဘဲ သူစိမ်းတစ်ယောက်ကိုတွေ့ရသဖြင့် ဓားကိုဆွဲချွတ်၏။

"အလို . . ." •

"ကျုပ် နာမည်က အလိုမဟုတ်၊ ကျွန်ုပ်၏ နာမည်သည်ကားဟုဆိုလျှင် ကံဇောပျော်ပင်ဖြစ်တော့သည်"

ကံဇောပျော်သည် ပြောပြောဆိုဆိုနှင့် သူ့ဓားကိုထုတ်၏။

"အောင်မယ် . . မင်းက ကံဇောပျော်၊ ငါကလည်း နောင်ချမ်းကုမရပဲ၊ မင်းရဲ့နာမည်အတိုင်းပဲ သချိုင်းက ရေကန်ထဲမှာ ပျော်ရ

mgyoe.com

mgyoe.com


စေမယ်"

"အသင်လည်း အသင့်နာမည်အတိုင်း နောင်ချမ်း နောင်ချမ်းနဲ့ မသာဆိုင်းနဲ့ သွားလာရစေ့မယ်"

နောင်ချမ်းကုမာရသည် ဒေါသအမျက်ထွက်ကာ ဓားဖြင့်ပြေးခုတ်၏။

"ဘာရမလဲ သာဝရယ်"

ကံဇော်ပျော်သည်လည်း သူ့ဓားနှင့် ခုခံ၏။ သို့သော် ကံဇောပျော်၏ ဓားသည်ကောင်းလှပေ၏။ တစ်ချက်နှစ်ချက်သာ ခုတ်ရသေးသည်။ နောင်ချမ်းကုမရ၏ ဓားမှာသွင်သွင်ကျိုးကာ ငုတ်စိကလေးသာကျန်တော့သည်။

"ဟယ် . . ငါ့ဓားတိုသွားပဟ"

နောင်ချမ်း ကုမာရသည် လက်ထဲက ဓားတိုကလေးကို လွှင့်ပစ်ကာ အနားက ကော်ဇောပေါ်သို့ပြေးတက်၍ ကုန်းကုန်းကုန်းကုန်းနှင့် ထိုင်မည်ပြုသည်။ သို့သော် ကံဇောပျော်သည်လည်း လျင်မြန်ဖျတ်လတ်စွာနှင့်ပင် ပြေးလိုက်၍ တင်ပါးကို ပိတ်ကန်ရာ နောင်ချမ်းကုမာရသည် ကြမ်းပေါ်သို့ ဟပ်ထိုးကြီးလိမ့်ကျသွားလေသည်။ သူသည် ကပျာကရာပင် မတ်တပ်ရပ်၏။ ထိုခဏတွင်ပင် ကံဇောပျော်သည် နောင်ချမ်းကုမာရကို ခါးမှကိုင်၍ မြှောက်ကာ ပြတင်းပေါက်မှ ပစ်ချလိုက်လေတော့၏။

"သွားပေတော့ နောင်ချမ်းရေ"

ထို့နောက် ကံဇောပျော်သည် ခင်ချိုသာဖက်သို့ လှည့်၍ပြော၏။

"မောင်တော်တို့လည်း သူ့ကော်ဇောပျံနဲ့ သွားမှဖြစ်မယ်၊ ဒီရဲ

mgyoe.com

mgyoe.com


တိုက်ကြီးက အောက်ဆင်းစရာလှေကားမှမရှိတာ"

"ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမဲ့ မောင်တော် မောင်းနှင်တတ်လို့လား"

"စမ်းသပ်ကြည့်မှာပေါ့၊ သူကလည်း ကော်ဇောပျံ၊ မောင်တော်ကလည်း ကံဇောပျော်ဘဲ"

ကံဇောပျော်သည် ကော်ဇောပေါ်တွင် ထိုင်လိုက်၏။ ကော်ဇော၏ အရှေ့နားတွင် "က၊ ခ၊ ဂ၊ ဃ၊ င"ဟူ၍ အက္ခရာငါးလုံး ရေးထားသည်။ ကံဇောပျော်က လက်ဝါးတစ်ဖက်ကို "က"ပေါ်သို့ အုပ်ထားလိုက်ရာ ကော်ဇောကြီးသည် စူးခနဲ အပေါ်တည့်တည့်သို့ ထပျံလေရာ အမိုးနှင့် ဦးခေါင်းတိုက်မိရာ အတော်ပင် နာသွားသည်။

"အလယ် . . တော်တော် အီသဟ"

လက်ဝါးကို ပြန်ဖယ်လိုက်၏။ ထိုအခါ ကော်ဇောသည် အပေါ်နားတွင်ပင် ရပ်နေသည်။ ပြန်ဆင်းဖို့ ခက်နေ၏။ ကံဇောပျော်သည် ကြောက်ကြောက်နှင့် "ခ"ကို လက်ဝါးနှင့် အုပ်ပြန်၏။ ကော်ဇောကြီးသည် စူးခနဲ လျင်မြန်စွာ နောက်ပြန်တည့်တည့်ကြီး ထွက်သွားသဖြင့် နောက်ဖက်က နံရံနှင့်တိုက်မိတော့မည်ဖြစ်မှ လက်ဝါးကိုပြန်ရုတ်လိုက်သဖြင့် ဇတ်ခနဲရပ်သွား၏။ ကံဇောပျော်မှာ ကော်ဇောပျံပေါ်တွင် ခါးကုန်းသွားသည်။ နောက်မှ ပြန်မတ်ရ၏။

"ဒုက္ခပါပဲ ဆင်းလို့လည်းမရသေးဘူး"

ထိုအခါတွင် အောက်က ခင်ချိုသာက အော်ပြော၏။

"မောင်တော် သူတခါတခါ လက်ဝါးနှစ်ဖက်သုံးတာ တွေ့ဖူးတယ်"

mgyoe.com

mgyoe.com


ကံဇောပျော်ကတော့ "ဂ"ကို တစ်ခါအုပ်ကြည့်ပြန်၏။ ကော်ဇောဘကီးသည် ဝုန်းခနဲအောက်သို့ အရှိန်နှင့်ဆင်းရာ လက်ကို မြန်မြန်ပြန်ဖယ်ရသည်။ ဤအရှိန်နှင့်ဆင်းလျှင် ခါးကျိုးမည်ဖြစ်သောကြောင့်တည်း။

"မောင်တော် လက်နှစ်ဖက်သုံးပါ"

ယခုအခါတွင် ကံဇောပျော်သည် လူတစ်ရပ်လောက်အမြင့်သို့ ရောက်နေပေပြီ၊ သူသည် ဤတစ်ကြိမ်တွင်တော့ လက်နှစ်ဖက်ဖြင့် "က"နှင့် "င"ကို အုပ်ကြည့်၏။ ကော်ဇောသည် ဖြည်းညှင်းစွာ အပေါ်သို့တက်သည်။

"ဟုတ်ပြီကွ"

တစ်ဖန်သူသည် "ဂ"နှင့် "င"တို့ကိုအုပ်လိုက်ရာ ကော်ဇောသည် ကြမ်းပေါ်သို့ ဖြည်းညှင်းစွာ ဆင်းတော့သည်။ ထို့နောက် သူသည် ခင်ချိုသာကိုပါ တင်ဆောင်ကာ သူရော၊ ခင်ချိုသာကိုရော၊ ကော်ဇောကိုဖောက်၍ ကြိုးများနှင့် ခါးကို စည်းနှောင်ထား၏။

ထို့နောက် သူက မောင်းနှင်ရာ ကော်ဇောပျံကြီးသည် ပြတင်းမှ ထွက်သွားလေတော့သည်။ သူတို့နှစ်ယောက်လည်း ပါသွားကြ၏။

"ကျွမ်းကျင်အောင် လုပ်ကြည့်မှ"

ပြောပြောဆိုဆိုနှင့် ကံဇောပျော်သည် "ခ"နှင့် "ဂ"ကို လက်ဝါးများနှင့် အုပ်လိုက်ရာ ကော်ဇောကြီးသည် ပက်လက်လန်သွားလေ၏။ သူ့ခါးကြိုးမှာ ရှည်သဖြင့် တွဲလောင်းကလေးနှင့် ယက်ကန်ယက်ကန်ဖြစ်နေသည်။ ခင်ချိုသာသည် စိတ်ပူသွားကာ လက်ဝါး

mgyoe.com

mgyoe.com



ကလေးနှစ်ဖက်နှင့် အုပ်မိအုပ်ရာ အကွာရာနှစ်ခုတွဲ နှစ်ခုတွဲတွေ လျှောက်အုပ်ရာ ကော်ဇောကြီးမှာ ချာရပတ်လည်သွားလိုက်၊ ခုန်ဆွခုန်ဆွနှင့်ဖြစ်လိုက်နှင့် ပရမ်းပတာတွေဖြစ်နေရာက နောက်ဆုံးတွင် နဂိုနေသို့ ပြန်ရောက်သွား၏။ ကြိုးတန်းလန်းနှင့် လွင့်နေသော ကံဇောပျော်သည်လည်း ကော်ဇောပေါ်သို့ ဖုတ်ခနဲ ပြန်ကျလာရတော့သည်။

သို့ရာတွင် မေတ္တာဝတီနေပြည်တော်ပြန်ရောက်၍ အိမ်ရှေ့မင်းသားဖြစ်သွားသောအခါတွင်ကား သူသည် ကော်ဇောပျံကို ကောင်းစွာ မောင်းတတ်ပေပြီ။ ကံဇောပျော်သည် မိဘနှစ်ပါးကိုလည်း ခေါ်ငင်ပြုစုထားကာ ဒုက္ခရောက်နေသူအပေါင်းကိုလည်း စိတ်တိုင်းကျကယ်ဆယ်ရတော့၏။ သူ့ကို ကော်ဇောပျံရအောင် ကံဇောပျော်ဟု အမည်မှည့်ပေးသော ဣစ္ဆာရသေ့ကြီးကိုလည်း တစ်နှစ်လျှင် သုံးကြိမ်မှန်မှန် သွားရောက်ကန်တော့လေသည်။

❑

mgyoe.com

mgyoe.com



mgyoe.com

## ကြံ့တိုင်းအောင်

ဘုရင်မင်းမြတ်၏ စည်လည်သွားသောအခါတွင် ရွာတစ်ရွာလုံးမှာ ကျွက်စီကျွက်စီဖြစ်သွားလေတော့သည်။

"ဟယ် . . ဘုရင့်သမီးတော်ကလေး မြင်းသူပန်းတစ်ယောက် ပျောက်ဆုံးသွားသတဲ့။ တစ်ပင်တိုင်မြနန်းမှာ စံမြန်းနေရင်းက ပျောက်သွားသတဲ့။ အဲဒါ ပြန်လည်ရရှိအောင် ကြံဆောင်ပေးနိုင်တဲ့လူကို အင်မတန်ကြီးမြတ်တဲ့ ဆုတော်လာဘ်တော်တွေပေးမတဲ့"

ကြံ့တိုင်းအောင်သည် အသက် ၁၆ နှစ်ခန့်ရှိပြီဖြစ်၏။ သို့သော် သူ၏မိဘတို့သည် သူ့ကိုမွေးစပေါက်ကလေးတစ်ယောက်သဖွယ် ထင်မှတ်နေကြဆဲဖြစ်သည်။ ထို့ကြောင့် ကြံ့တိုင်းအောင်က ဘုရင့်သမီးတော်ကလေးကို အရှာထွက်မည်ဆိုသောအခါတွင် မိဘများက မလွှတ်နိုင်ကြခြင်းဖြစ်၏။

ကြံ့တိုင်းအောင်၏ဖခင်က မျက်မှောင်ကြီးကြုတ်၍ ပြောသည်။

"မင်းက ဘယ်လောက်များ အစွမ်းအစရှိလို့ သမီးတော်အရှာထွက်မှာလဲ"

"အို . . အဖကလည်း ကျွန်တော့်နာမည်က ကြံ့တိုင်းအောင်

mgyoe.com

mgyoe.com


မဟုတ်ဘူးလား၊ မကြံရင်အောင်မှာမဟုတ်ဘူး၊ ဒီတော့ ကြံမှဖြစ်မှာ ပေါ့၊ ကြံရင်လည်းအောင်မှာပါပဲ"

"ဟယ် . . နင့်မှာ ကြံစရာဉာဏ်မှမပြည့်စုံသေးတာ"

မိခင်ကြီးကလည်း ကြံတိုင်းအောင်သွားမှာ မကျေနပ်ချေ။

"ဟဲ့ . . နိုင်ငံတော်တစ်ဝှမ်းမှာ နင့်ထက်တော်တဲ့လူတွေ တစ်ပုံတစ်ပင်ကြီးရှိတယ်။ သူတို့တောင် မတတ်နိုင်ကြလို့ ဘုရင်က စည်လည်ပြီး ကြွေးကြော်ရတာပဲဟာ။ နင် သွားလို့မဖြစ်ပါဘူးဟယ်"

ကြံတိုင်းအောင်သည် သူ၏အစွမ်းအစဖြင့် မိဘနှစ်ပါးကို ရှာဖွေလုပ်ကိုင်ကျွေးရန် ကြံထားသည်ဖြစ်ရာ မိဘတွေက မလွှတ်သဖြင့် တော်တော်စိတ်ပျက်သွားရပေသည်။

သို့သော် . . မကြာမီပင် ဖခင်ကြီးသည် အတွေးတစ်မျိုးပေါက်၍ မိခင်ကြီးကိုပြော၏။

"ဟေ့ . . ရှင်မရဲ့၊ ကြံတိုင်းအောင်က သမီးတော်အရှာထွက်မယ်လုပ်တာ ဘုရင်ကြီးများ ကြားသွားရင် ငါတို့ရာဇဝတ်သင့်မယ်ထင်တယ်၊ တို့ကတားမြစ်လို့ သူမသွားရတာ တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ဘုရင်သိသွားရင် ခက်ကုန်ပြီ"

ထိုအခါ မိခင်ကြီးသည်လည်း ကြောက်လာ၏။ ထို့ကြောင့် နောက်ဆုံးတွင် သားဖြစ်သူကြံတိုင်းအောင်ကို လိုအပ်သော အထုပ်အပိုးများပြုလုပ်ပေးပြီး မြင်းတစ်စီးနှင့် လွှတ်လိုက်ရတော့သည်။

ကြံတိုင်းအောင်ကား ဝမ်းသာရွှင်လန်းစွာဖြင့် ခရီးထွက်လာလေ၏။ တစ်လမ်းလုံးတွင် တစ်ရွာဝင်တစ်ရွာထွက် တစ်တောဝင်တစ်တောထွက်နှင့် မင်းသမီးမြင်သူပန်း၏ ခြေရာကို လိုက်ခံလေရာ နောက်ဆုံးတွင် သတင်းအစအနကို ရတော့သည်။

mgyoe.com

mgyoe.com


မြင်သူပန်းကို စုန်းမရုပ်ဆိုးက ခေါ်ဆောင်သွားပြီး သူနေသော ဖန်တောင်၏ ထိပ်ဖျားတွင် တိုက်နှင့်ထားသည်။ ဖန်တောင်ကို ရောက်ဖို့ရန်မှာ လိမ်ကောက်၊ တုတ်ပြဲနှင့် ရှည်လဲ်ဟူသော နတ်ရုပ်သုံးကောင်၏ ပိုင်နက်ကို ဖြတ်ကျော်သွားရမည်ဖြစ်ကြောင်းကိုပါ သိရလေတော့သည်။

မည်မျှပင်ခက်ခဲသည်ဖြစ်ပါစေ။ ကြံတိုင်းအောင်ကတော့ နောက်ဆုတ်လိမ့်မည်မဟုတ်ချေ။

× × ×

အလှျံပယ်ပြည့်ရှင်၊ ဘုရင်ကြီး၏ သားတော်လေးပါးဖြစ်ကြသော ရူပ၊ တူမျှ၊ ဖြူဝနှင့် လူလှမင်းသားတို့သည် မြင်းကိုယ်စီနှင့် နှင်လာကြသည်။ သူတို့သည်လည်း မြင်သူပန်း မင်းသမီးကလေးကို ကယ်တင်ရန်အတွက် ခရီးထွက်လာခဲ့ကြခြင်းဖြစ်ကြ၏။

မကြာမီပင် သူတို့သည် "လိမ်ကောက်နယ်မြေ"ဟူ၍ ဆိုင်းဘုတ်ထောင်ထားသည့်နေရာသို့ ရောက်လာကြလေ၏။ ထိုဆိုင်းဘုတ်၏နောက်ဖက်တွင် ကွင်းပြင်ကလေးရှိ၍ ကွင်းပြင်ကလေး၏နောက်တွင်ကား တောအုပ်ကလေးတစ်ခုရှိလေသည်။

မင်းသားလေးပါးသည် ဆိုင်းဘုတ်၏ ဘေးတွင် ခေတ္တရပ်လိုက်ကြပြီးနောက် တစ်ယောက်ကိုတစ်ယောက် ကြည့်၍ အချက်ပေးကာ ရှေ့သို့ တိုးဝင်လိုက်ကြ၏။ သို့ရာတွင် မြင်းများမှာ သုံးလေးလှမ်းမျှ လှမ်းရသေးသည်။ ရှေ့ဆက်သွား၍ မရတော့ချေ။ မြင်းတွေ၏ ခြေထောက်အားလုံးတို့သည် ကျောက်ဖြစ်၍ မာကျောကုန်ကြ၏။

မင်းသားတို့လည်း မြင်းများပေါ်မှ ဆင်းသက်ကြရသည်။ ထို

mgyoe.com

mgyoe.com

အခိုက်တွင် "တဟားဟား"ရယ်သံနှင့်အတူ နတ်ရုပ်ကလေး လိမ်ကောက်သည်ပေါ်လာလေ၏။ မင်းသားတို့သည် နတ်ရုပ်ကလေး လိမ်ကောက်ကို အံ့ဩစွာနှင့် ကြည့်ကြသည်။ အမည်နှင့်လိုက်အောင်ပင် ထိုနတ်ရုပ်ကလေးသည် ဆံပင်တွေသာ လိမ်ကောက်နေသည်မဟုတ်၊ သူ့တစ်ကိုယ်လုံးမှာလည်း သစ်ကိုင်းခြောက်လို ကောက်ကွေးလိမ်တွန့်နေသည်။

မင်းသားလေးပါးသည် လိမ်ကောက်ကို ဝိုင်း၍ တောင်းပန်ကြသောအခါ နတ်ရုပ်ကလေးက မြင်းခြေထောက်တွေ ကျောက်ဖြစ်ကုန်အောင် သူသည် ဆေးလုံးဖြင့် ပေါက်၍ ကျီစယ်ခြင်းမျှသာဖြစ်ကြောင်းပြောပြပြီး ပြန်ဖြေပေးလိုက်ရာ မြင်းတို့သည် ခြေထောက်တွေ ပြန်ကောင်းသွားကြလေတော့သည်။

ထို့နောက် လိမ်ကောက်က မင်းသားများကို ဘယ်သွားကြမည်နည်းဟု မေးမြန်း၍ မင်းသားတို့က ဖန်တောင်သို့ သွားမည့်အကြောင်း ပြန်ဖြေကြသည်။ ထိုအခါ နတ်ရုပ်ကလေးလိမ်ကောက်က ဖန်တောင်သွားလျှင် မိမိ၏နယ်မြေကို ဖြတ်သွားရမည်ဖြစ်ကြောင်း၊ မိမိနယ်မြေကို ဖြတ်ကျော်လိုလျှင် မိမိနှင့် အပြေးပြိုင်ပြီး နိုင်မှ ဖြတ်ခွင့်ရမည်ဟု ပြောသည်။

အပြေးပြိုင်ရမည့်နေရာမှာ သစ်ပင်တစ်ပင်ရှိ၍ ထိုသစ်ပင်မှ ကိုက်တစ်ရာခန့် ဝေးသော သစ်ပင်တစ်ပင်ဆီသို့ ပြေးရမည်။ ထိုသစ်ပင်မှ သစ်ရွက်ကိုခူးခဲ့၍ ဤသစ်ပင်ဆီ ပြန်ရောက်ရမည်ဖြစ်၏။ လေးပါးစလုံး ပြိုင်စရာမလို။ မင်းသားတစ်ပါးတည်း ပြိုင်၍ နိုင်လျှင် အားလုံးကို ဖြတ်ကျော်ခွင့်ပြုမည်။ မနိုင်လျှင် အားလုံးကို ကျွန်ပြုမည်ဟုပြောသည်။

mgyoe.com

mgyoe.com


မင်းသားလေးပါးသည် အချင်းချင်းတီးတိုးတိုင်ပင်ကြ၏။ ထို့နောက်အကြီးဆုံးဖြစ်သော ရူပမင်းသားက လိမ်ကောက်နှင့်အပြေးပြိုင်မည်ဟု ဆိုသည်။ သို့ဖြင့်စတင်၍ အပြေးပြိုင်ကြရာ လိမ်ကောက်မှာ အလွန်လျင်မြန်သူဖြစ်သဖြင့် ရူပမင်းသားသည် ငါးလှမ်း ခြောက်လှမ်းမျှပြေးရသေးသည် လိမ်ကောက်မှာ သူ့ကို ကျော်တက်သွား၏။ ရူပမင်းသား ဆယ်လှမ်းခန့်အရောက်တွင် လိမ်ကောက်သည် ဤမှာဖက်က သစ်ပင်ဆီသို့ ပြန်ရောက်နေတော့သည်။ ထို့ကြောင့် ရူပမင်းသား ရှုံးသွားလေ၏။

သို့သော် သူတို့ပြေးနေကြဆဲတွင်ပင် ကျန်သော မင်းသားသုံးပါးမှာ မြင်းတွေကို စိုင်းနှင်သွားကြပြီဖြစ်သဖြင့် လိမ်ကောက်သည် စေကျွန်အဖြစ် ရူပမင်းသားတစ်ယောက်တည်းကိုသာ ရလိုက်လေတော့သည်။

မင်းသားသုံးပါးသည် မြင်းများကိုအပြင်းနှင်ကြရာ တောအုပ်တစ်နေရာတွင် "တုတ်ပြုနယ်မြေ"ဟူသော ဆိုင်းဘုတ်ကို တွေ့ကြရပြန်၏။ မင်းသားများလည်း သတိနှင့်မြင်းများကိုနှင်၍ တုတ်ပြုနယ်မြေထဲသို့ ဝင်သွားကြသောအခါတွင် ခဏအကြာ၌ မြင်းတို့သည်မြေပေါ်တစ်ထောင်ခန့်ကွာတက်ကုန်ကာ လေထဲတွင် ယက်ကန်ယက်ကန်ဖြစ်နေကြတော့သည်။

ချက်ချင်းလိုလိုပင် "တဟားဟား"ရယ်သံနှင့်အတူ နတ်ရုပ်ကလေးတုတ်ပြုပေါ်လာလေ၏။ သူသည် အလွန်ပင်ဝတုတ်သူဖြစ်လေရာ အားရပါးရရယ်၍ ပါးစပ်ကြီးပြဲလေလေ မျက်လုံးပေါက်တွေပိတ်ကုန်လေလေဖြစ်သည်။

တုတ်ပြုသည်နောက်ပြောင်ရ၍ ပျော်ရွှင်စွာရယ်မောပြီးသော်

mgyoe.com

mgyoe.com


မင်းသားများက တောင်းပန်၍ ပြန်ဖြေပေးမှ မြင်းတို့သည် မြေပေါ် ပြန်ရောက်ကြပြီး အကောင်းပကတိပြန်ဖြစ်ကြသည်။

နတ်ရုပ်တုတ်ပြဲက မင်းသားများကို မေး၍ မင်းသားများသည် ဖန်တောင်သို့သွားမည့်အကြောင်းကို သိသောအခါ သူနှင့် အက ပြိုင်၍နိုင်မှ သူ့နယ်မြေကို ဖြတ်ကျော်ရမည်ဟုပြောသည်။ ပြိုင်ရမည်မှာ အကြာဆုံး မရပ်မနား ကရမည်ဖြစ်သည်။ မင်းသားတစ်ပါးပြိုင်လျှင် ပြီး၏။ ကရင်းက တုတ်ပြဲလဲကျလျှင် တုတ်ပြဲရှုံးမည်။ မင်းသားလဲကျလျှင် မင်းသားရှုံးမည်။

မင်းသားသုံးပါးသည် အချင်းချင်းတိုင်ပင်ပြီးသော် တူမျှမင်းသားက ပြိုင်ရန်ဆုံးဖြတ်၏။ ထို့နောက် ပြိုင်ကြလေရာ နတ်ရုပ်တုတ်ပြဲမှာ လူကောင်ဝသလာက် အလွန်ကြာမြင့်စွာ ကခုန်နိုင်သည်။ ထို့ကြောင့် နောက်ဆုံးတွင် တူမျှမင်းသားသည် လျှာထွက်၍ မြေပေါ်လဲကျလေ၏။

သို့သော် ကျန်သောမင်းသားနှစ်ပါးမှာ သူတို့စ၍ ကခုန်နေကြစဉ်ကပင် မြင်းများကို နှင်ပြေးကြသည်ဖြစ်ရာ နတ်ရုပ်တုတ်ပြဲသည် စေကျွန်အဖြစ် တူမျှမင်းသားကိုသာရလိုက်ပေသည်။

ကျန်သောမင်းသားနှစ်ပါးဖြစ်ကြသည့် ဖြူဝနှင့် လူလှမင်းသားတို့သည် မြင်းများကို အပြင်းစိုင်း၍ လာကြလေရာ မကြာမီပင် တောအုပ်မှထွက်၍ လွင်ပြင်တစ်ခုသို့ရောက်ခဲ့ကြသည်။ လွင်ပြင်၏ အလယ်နားတွင် ရေအိုင်ကြီးတစ်ခုကိုတွေ့မြင်နိုင်၏။ လွင်ပြင်၏အစပ်တွင်ကား "ရှည်လံနယ်မြေ"ဟူသော ဆိုင်းဘုတ်ကို တွေ့ကြရလေသည်။

မင်းသားနှစ်ပါးသည် သတိနှင့်ပင်ရှည်လံ၏နယ်မြေထဲသို့ စိုင်

mgyoe.com

mgyoe.com


ရောက်လာသည်တွင် ခဏအကြာ၌ မြင်းရော လူတွေပါ ဇက်တွေ ခိုင်ကုန်သည်။ ဇက်ကြီးများတောင့်၍ နည်းနည်းကလေးမှ လှည့်ပြမရကြတော့ချေ။

ထိုခဏတွင် "တဟားဟား"ရယ်သံနှင့်အတူ နတ်ရှုပ်ကလေး ရှည်လံသည် ဗိုက်နှိပ်ရယ်ရင်း ပေါ်လာလေ၏။ သူတို့သည် နတ်ရှုပ်များဖြစ်ကြသည့် အလျှောက် သူတို့နယ်မြေများထဲသို့ ဝင်လာကြသူများကို နောက်ပြောင်ရမှ ကျေနပ်ကြသူများဖြစ်သည်။

မင်းသားများက တောင်းပန်သောအခါတွင် ဇက်ခိုင်ခြင်းများ ပြေပျောက်အောင် ဖြေပေးပြီး ရှည်လံသည်လည်း မင်းသားများ ဖန်တောင်သို့ သွားမည့်အကြောင်းကို သိသည်နှင့် တစ်ပြိုင်နက် ပြိုင်ပွဲပြုရန်စိန်ခေါ်တော့သည်။ ရှည်လံသည် ထန်းပင်နှစ်ပင် လောက်မြင့်၏။ အရပ်ကြီးရှည်လံသဖြင့် သူ့နာမည်မှာ ရှည်လံဖြစ်နေသည်။

သူနှင့်ပြိုင်ရမည်မှာ အိုင်ထဲတွင် ရေငုပ်ပြိုင်ရန်ဖြစ်၏။ ပြိုင်မည့်သူနှင့် သူသည် ခြေထောက်တစ်ဖက်ချင်း ကြိုးနှင့်ချည်နှောင်ထားမည်ဖြစ်သည်။ ရေအောက်တွင် အကြာဆုံးငုပ်နေနိုင်သူက နိုင်မည်ဖြစ်၏။ သူနှင့်ပြိုင်၍နိုင်မှ သူ့နယ်မြေကို ဖြတ်ကျော်ခွင့်ပေးမည်ဆိုသည်။

မင်းသားနှစ်ပါးလည်း တိုင်ပင်ကြ၍ ဖြူဝမင်းသားက ယှဉ်ပြိုင်ရန် သဘောတူသည်။ သို့ဖြင့် ပြိုင်ပွဲကြီးစလေတော့၏။ ခြေတစ်ဖက်စီကို ကြိုးနှင့်ချည်ကာ ရေအောက်တွင် ထိုင်ကြ၏။ သို့သော် ရှည်လံမှာ အရပ်ရှည်သဖြင့် ခေါင်းပေါ်နေသည်ဖြစ်ရာ ဖြူဝမင်းသားပင် ရှုံးရတော့သည်။

mgyoe.com

mgyoe.com


အငယ်ဆုံးဖြစ်သော လူလှမင်းသားကား သူတို့ပြိုင်ပွဲစနေက တည်းက မြင်းကိုနှင်၍ ပြေးပြီဖြစ်ရာ ပြိုင်ပွဲပြီးဆုံးသောအခါတွင် နတ်ရှုပ်ရှည်လံသည် စေကျွန်အဖြစ် ဖြူဝမင်းသားကိုသာ ရလိုက် တော့၏။

အငယ်ဆုံးဖြစ်သော လူလှမင်းသည် မြင်းကိုတရကြမ်းနှင်လာ ရာ ဖန်တောင်ကို မြင်လောက်သော နေရာသို့ ရောက်လာလေ၏။ ဖန်တောင်ကြီးသည် နေရောင်တွင် ပြောင်ချော၍ တဖိတ်ဖိတ် တောက်နေရာ တောင်ထိပ်ကိုပင် ကြည့်၍မရချေ။

ထိုခဏတွင် "ကျွန်တော့်ကို ကယ်ပါ ကျွန်တော့်ကိုကယ်ပါ"ဟူ သောအသံသည် တစာစာထွက်ပေါ်လာသဖြင့် လူလှမင်းသားသည် လှည့်ကြည့်ရာ မြေပေါ်တွင် ပက်လက်လန်လဲနေသော သိမ်းငှက် ကလေးတစ်ကောင်ကို တော်စပ်တွင်တွေ့ရသည်။

သိမ်းငှက်က သူသည် စိတ်ဓာတ်ကျသော ရောဂါဖြစ်နေ၍ သူ့ကိုပျော်ရွှင်အောင် လုပ်ပေးရန် တောင်းပန်သည်။ သူသည် ပျော် ရွှင်လာလျှင် ချက်ချင်းနေကောင်းသွားမည်ဟုပြောသည်။

ထိုအခါ မင်းသားကလေးက မိမိပင် စိတ်ညစ်နေသဖြင့် သူတစ် ပါးကို ရယ်မောအောင်လုပ်ရန် မတတ်နိုင်ဟုငြင်းဆန်ကာ ဖန် တောင်ကို တက်ရန်သွားလေ၏။ သို့သော် ဖန်တောင်သို့ရောက် သောအခါ ဘယ်လိုတက်၍မှ မရကြောင်းကို သူတွေ့ရလေတော့ သည်။ တက်လိုက်တိုင်း လျှောခနဲ လျှောခနဲ ချော်ချော်ကျ၏။ နောက်ဆုံးတွင် လူလှမင်းသားကလေးသည် ဖန်တောင်၏ ခြေရင်း တွင် လက်မှိုင်ချ၍ ထိုင်နေမိသည်။

နေဝင်ရီတရောအချိန်သို့ ရောက်လာသောအခါ စုန်းမရှုပ်ဆိုး

mgyoe.com

mgyoe.com


သည် ခရီးထွက်ရာမှ ပြန်ရောက်လာလေ၏။ ဖန်တောင်၏ ခြေရင်းတွင် လူလှမင်းသားကို မြင်သောအခါတွင် အိပ်မွေ့ချပြီး ဖမ်းဆီးခေါ်ငင်သွားကာ စေကျွန်အဖြစ် ပြုလုပ်ထားလိုက်လေတော့သည်။

ဤသို့ဖြင့် အလျှံပယ်ပြည့်ရှင်ကြီး၏ သားတော်လေးပါးစလုံးမှာ မြင်သူပန်းမင်းသမီးကလေးကို အရှာထွက်ခဲ့ရာ မင်းသမီးကလေးနှင့် မတွေ့ရဘဲ အသီးသီးစေကျွန်တွေဖြစ်ကုန်ရလေ၏။

× × ×

ကြံတိုင်းအောင်သည် ခရီးစဉ်အညွှန်းအတိုင်းဆိုလျှင် ဖန်တောင်ကြီးကိုရောက်တော့မည်ဆိုလျှင် ဖန်တောင်ကြီးကို ရောက်တော့မည်ဆိုသည်ကိုသိ၍ များစွာအားတက်မိ၏။ နတ်ရှုပ်ကလေးသုံးယောက်၏ နယ်မြေများကို ကျော်လွန်လျှင် အလျှံတပြောင်ပြောင်နှင့် ဖန်တောင်ကြီးဆီသို့ ရောက်ရပေတော့မည်။

ကြံတိုင်းအောင်သည် မြင်းကို ဒရကြမ်းနှင်လာရာ "လိမ်ကောက်နယ်မြေ"ဟူသော ဆိုင်းဘုတ်ကို မြင်လိုက်ရသော်လည်း သူသည်အရှိန်ကို မသတ်နိုင်တော့ပါ။ ထိုကြောင့် လာလက်စအရှိန်နှင့်ပင် နယ်မြေထဲသို့ ဇွတ်ဝင်သွား၏။ များများမဝင်မိခင်ပင် မြင်း၏ခြေထောက်များသည် ဇတ်ခနဲ တောင့်၍ ရပ်သွားရာ မြင်း၏ကျောပေါ်မှ ကြံတိုင်းအောင်သည် ဝေါခနဲရှေ့သို့ လွင့်ထွက်ကာမြေကြီးပေါ်သို့ ဖုတ်ခနဲကျသွားလေ၏။

"ဟားဟား . . ဟားဟား . ."

ကြံတိုင်းအာင်သည် မြေကြီးပေါ်မှ ကပျာကယာကုန်း၍ထကာဘေးပတ်ဝန်းကျင်သို့ ချာရပတ်လှည့်ကြည့်သော်လည်း ဘယ်သူ့ကိုမှ မတွေ့ရချေ။

mgyoe.com

mgyoe.com


"ဟားဟား . . ဟားဟား . ."

ရယ်သံတို့သာ အဆက်မပြတ် ထွက်ပေါ်နေသဖြင့် ကြဲတိုင်းအောင်သည် မခံချင်သလိုဖြစ်ကာ တစ်ယောက်တည်း အော်ပြောလေ၏။

"ဟေ့ . . ကိုယ့်ကိုယ်ကိုယောင်ပြီး ကလိထိုးနေတာ ဘယ်သူလဲ"

"ဟားဟား . . ဟားဟား"

ရယ်ရင်းကပင် နတ်ရှုပ်ကလေး လိမ်ကောက်သည် ပေါ်လာလေ၏။ သို့သော် ကြဲတိုင်းအောင်၏ ကျောဘက်တွင် ပေါ်မိလျက်သားဖြစ်နေ၍ ကြဲတိုင်းအောင်က သူ့ကိုမမြင်မိသေးပါ။

"ဟေ့ . . ဘယ်သူလဲ ယောက္ခမသေတာ"

"ဟဲ . . ဘယ်လိုလဲကွ၊ ငါပေါ်နေပြီလေ၊ လှည့်ကြည့်ပါဦး"

"ဘာပေါ်နေတာလဲ၊ မသင့်တော်တာဆိုရင်လည်း ကျုပ်လှည့်မကြည့်ခင် မြန်မြန်ဖုံးထားနော်"

ကြဲတိုင်းအောင်သည် ပြောပြီးနောက် ချာခနဲလှည့်ကြည့်၏။

"အလို . . . တစ်ယောက်ခြောက်လို ကောက်ကွေးလှချည်လား၊ ခင်ဗျားက ဘယ်သူတုံး"

"မင်းဖြတ်လာခဲ့တာ ဆိုင်းဘုတ်မမြင်ဘူးလား"

"မြင်သားပဲ"

"မြင်ရင် ငါဘယ်သူဆိုတာ သိရောပေါ့"

"သိပြီ"

"ငါ ဘယ်သူလဲ"

"နယ်မြေ"

mgyoe.com

mgyoe.com


"သေရောဟ .. လိမ်ကောက်ကွ .. လိမ်ကောက်၊ နင်က ဆိုင်းဘုတ်ဖတ်ရင် နောက်ဆုံးစာလုံးတွေကိုချည်း ဖတ်သလား"

ကြံတိုင်းအောင်က ပြုံးလိုက်ပါသည်။

"မြင်းက အရှိန်မြန်နေလို့ပါ၊ ဒါထက် ခင်ဗျားက တော်တော် လိမ်တတ်ကောက်တတ်သလား"

"အို .. မဟုတ်ပါဘူးကွ၊ ငါ့ပုံပန်းသဏ္ဌာန်က မင်းမြင်တဲ့ အတိုင်း တွန့်လိမ်ကောက်ကွေးနေလို့ပါကွာ၊ ဒါထက် မင်းနာမည် က ဘာလဲ"

"နယ်မြေ ဟာ .. ဟုတ်ပေါ့၊ ကျုပ်နာမည်က ကြံတိုင်းအောင်"

"ဩော် .. မင်းကိုမြင်ရင် ကြောင်တိုင်းအန်တတ်သလား"

"ပျို့တောင်မပျို့ပါဘူးဗျာ"

"ဒါဖြင့် ဘာဖြစ်လို့ ကြံတိုင်းအောင်လို့ မှည့်ထားတာလဲ"

"ကျုပ် ကြံလိုက်တိုင်းအောင်မြင်ရမယ်ဆိုပြီး မှည့်ထားတာလေ ဗျာ"

"ဒို့ .. အောင်မြင်ကော အောင်မြင်ရဲ့လား"

"စမ်းကြည့်လေဗျာ"

ထုံးစံအတိုင်းပင် နတ်ရုပ်ကလေးလိမ်ကောက်သည် အပြေး ပြိုင်ရန် စိန်ခေါ်လေ၏။ ဤတွင် ကြံတိုင်းအောင်သည် စဉ်းစား ၏။ နတ်ရုပ်လိမ်ကောက်သည် သူသန်ရာသူ စိန်ခေါ်သောပြိုင်ပွဲ ဖြစ်၍ တရားသောပြိုင်ပွဲတော့မဟုတ်၊ သို့သော် သူ့နယ်မြေထဲတွင် ဖြစ်သဖြင့် ငြင်းလည်းမငြင်းသာ။

ကြံတိုင်းအောင်သည် မျက်လုံးများပေါ်လက်ဝါးကာ၍ အဝေး က သစ်ပင်ဆီသို့ကြည့်၏။

mgyoe.com

mgyoe.com


"ဘယ်မလဲဗျ . . သစ်ပင်ဆိုတာ၊ ကျုပ်က မျက်စိမှုန်တယ်ဗျို့၊ မမြင်ပါဘူး"

လိမ်ကောက်သည် စိတ်မရှည်သလိုနှင့် ကြံတိုင်းအောင်ကို လက်ဆွဲ၍ ခေါ်သွားလေသည်။ သစ်ပင်နားရောက်သောအခါ ကြံတိုင်းအောင်က . . .

"ဟုတ်ပြီ . . ဒီအပင်ရောက်တော့ ဘယ်ကိုပြန်ပြေးရမယ်၊ ပြန်ပြောပါဦး"ဟုပြောပြန်လေ၏။

"ဟိုသစ်ပင်ကိုလေကွာ၊ တို့စောစောက ရပ်ကြည့်တဲ့ သစ်ပင်ဆီကိုပေါ့"

လိမ်ကောက်သည် ထွက်လာခဲ့ကြရာ သစ်ပင်ဆီသို့ ပြန်လှည့်၍ လက်ညှိုးညွှန်ပြ၏။ ထိုအခိုက်တွင် ကြံတိုင်းအောင်သည် သစ်ရွက်ကိုချိုး၍ အင်္ကျီကြားထဲတွင် ဝှက်ထားလိုက်သည်။

သူတို့နှစ်ယောက်သည် မူလနေရာဆီသို့ ပြန်ရောက်လာကြပြီးသောအခါတွင် အပြေးပြိုင်ပွဲကြီး စတင်လေတော့၏။ ကြံတိုင်းအောင်က လေးငါးနှစ်ခန့်ပင် ပြေးရသေးသည်။ လိမ်ကောက်သည် လှစ်ခနဲ ဖြတ်ကျော်တက်သွားလေ၏။ သို့သော် ကြံတိုင်းအောင်ကတော့ မပူချေ။ ချာခနဲပြန်ကွေ့လာ၍ ပြိုင်ပွဲစတင်သည့် သစ်ပင်ကိုဖက်ထားလိုက်၏။

ခဏအကြာတွင် လိမ်ကောက်သည် ပြန်ရောက်လာသည်။ ထိုအခါ ကြံတိုင်းအောင်သည် ခပ်ပြုံးပြုံးနှင့်ပြော၏။

"ဘယ့်နှယ်လဲ ကိုလိမ်ကောက်ညှံ့လှချည်လား"

"မင်းသစ်ရွက်ပြစမ်း"

ကြံတိုင်းအောင်သည် စောစောက ဝှက်ထားသော သစ်ရွက်

mgyoe.com

ကို ပြလေ၏။ နတ်ရှုပ်လိမ်ကောက်သည် နတ်ရှုပ်ရှုံ့မဲ့ဖြစ်သွားရတော့သည်။ ဤသို့ဖြင့် ကြံတိုင်းအောင်သည် လိမ်ကောက်နယ်မြေကို ဖြတ်ကျော်ခွင့်ရသွားလေ၏။

"တစ်ခုကော့ တောင်းချင်တယ် ကိုလိမ်ကောက်"

"ဘာတုံး"

"ကျွန်တော့်မြင်းနဲ့ ဝင်လာတုန်းက မြင်းခြေထောက်တွေကျောက်ဖြစ်ကုန်အောင်လုပ်တဲ့ ဆေးလုံးတစ်လုံးပေးပါ။ ကျေးဇူးကို မမေ့ပါဘူး"

လိမ်ကောက်သည် ကြံတိုင်းအောင်အား ဆေးလုံးကို ပေးလိုက်၏။ သို့သော် နတ်ရှုပ်သဘာဝအတိုင်းပင် မှန်ကန်သော ဆေးလုံးတော့မဟုတ်ပါ။

ကြံတိုင်းအောင်သည် မြင်းကို နှင်လာခဲ့လေရာ "တုတ်ပြနယ်မြေ"ထဲသို့အဝင်တွင် မြင်းမှာလေထဲလွင့်၍ တစ်နေရာထဲတွင် ခြေများယက်ကန်ယက်ကန်ဖြစ်နေကြလေ၏။

"ဟဲ့. . ဟဲ့ . . ဘယ်ကောင်က မြင်းဗိုက်အောက်ကနေ မှုတ်နေရတာလဲကွ . . ဟောဒီမှာ တလူလူလွင့်နေပြီဟ"

ကြံတိုင်းအောင် တစာစာအော်ဟစ်နေခိုက်တွင်ပင် တဟားဟားရယ်သံနှင့်အတူ ဝဝဖိုင့်ဖိုင့် နတ်ရှုပ်တုတ်ပြသည် ပေါ်လာလေ၏။ ကိုယ်ရောင်ထင်လာသည်နှင့် တစ်ချိန်ထဲတွင်ပင် ကြံတိုင်းအောင်၏ မြင်သည်လည်း မြေပေါ်ပြန်ရောက်လာ၏။

"မင်းက ဘယ်သူလဲ"

"ကြံတိုင်းအောင်"

"ဘယ်သွားမလို့လဲ"

mgyoe.com

mgyoe.com


"ဖန်တောင်ကို"

"ဘာလုပ်ဖို့လဲ"

"ခင်ဗျားကြီးဒေါ်နေကောင်းသလား သွားမေးမလို့ပါ"

"ဟော့ကောင် ကောင်းကောင်းပြောကွနော်"

"နေပါဦးဗျ၊ ခင်ဗျားက ကျုပ်ကိစ္စကို စပ်စပ်စုစု ဒါလောက် မေးမြန်းနေတာ ဘာကြောင့်လဲ၊ ကိစ္စကိုသိရရင် ကျုပ်ကို ကူနိုးပိုး ပြီး လိုက်ပို့မလို့လား"

"အောင်မယ် .. တယ်လာတဲ့ ကောင်ပါလား"

"တယ်လာလို့ .. တယ်ရောက်နေတာပေါ့"

"ဒီမှာ .. ငါ့နယ်မြေကို ဖြတ်ကျော်မယ်ဆိုရင် ငါနဲ့ ပြိုင်ရ မယ်၊ နိုင်ရင် ဖြတ်ကျော်ခွင့်ပြုမယ်၊ မနိုင်ရင် မင်းဟာ ငါ့ကျွန်ဖြစ် ကရော"

"ဘာပြိုင်ရမှာလဲ .. ပြေးရမှာလား"

"ဟ ငါက ဒီလောက် ဝတုတ်ပြဲနေတာ ဘယ်ပြေးချင်ပါ့မလဲ၊ ဒါပေမဲ့ ပြေးတာလောက်ပဲ မသက်မသာဖြစ်မယ့် ပြိုင်ပွဲပဲလေ"

"ဟာ .. မသာဖြစ်မယ့်ပြိုင်ပွဲဆိုရင်လည်း ခင်ဗျားတစ် ယောက်တည်းပဲ ပြိုင်ပါတော့ဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားက မသာဖြစ်ရင် တော်တော်ကြည့်ကောင်းမယ့်ပုံရှိနေလို့ပါ။ မသာ ဝတုတ်တုတ်ချစ်စရာမျှစ်စို့မသာကြီးဖြစ်မှာ"

"ဟိတ် တော်စမ်း၊ ငါမသေချင်သေးလို့ ဝနေတာ၊ မင်းလို ပိန် ပိန်ကပ်ကပ်ကောင်သာ မြန်မြန်သေမှာ၊ ခုတောင် မသေခင်က တည်းက နာတာရှည် မသာရုပ်ပေါက်နေသေးတာပဲ"

"ကဲပါဗျာ .. အချိန်မဖြုန်းပါနဲ့၊ ဘာပြိုင်ရမှာလဲဆိုတာသာ

mgyoe.com

mgyoe.com


ပြောစမ်းပါ”

နတ်ရုပ်တုတ်ပြနှင့် ပြိုင်ရမည်ကတော့ ကခုန်ခြင်းပင် ဖြစ်တော့သည်။ ကြံတိုင်းအောင်သည် စဉ်းစားဆင်ချင်ရပြန်လေ၏။ သူသည်သည့်ဘက်က စိန်ခေါ်သောပြိုင်ပွဲဖြစ်ရာ၊ ဉာဏ်မပါဘဲနှင့်တော့ ဤနတ်ရုပ်ကိုနိုင်မည်မဟုတ်။

“ကောင်းပြီ၊ ပြိုင်မယ်၊ ဒါပေမဲ့ ကျွန်တော်တစ်ခုပြောချင်တယ်။ ကနေရင်း ကျွန်တော်အော်ရင် ခင်ဗျားက လိုက်အော်ရမယ်၊ ကျွန်တော်အအော်ရပ်ရင် ခင်ဗျားလည်းရပ်၊ တစ်ခါ ကျွန်တော်အော်ရင် ခင်ဗျားကလည်း လိုက်အော်ရမယ်၊ ဘယ့်နှယ်လဲ”

“ဟ . . ကရင်းအော်ရင် မင်းမြန်မြန်မောမှာပေါ့၊ ငါကတော့ အမောခံနိုင်တဲ့ကောင်ပဲကွ၊ လက်ခံပါတယ်”

ဤသို့ဖြင့် ဆိုင်းမပါ ဗုံမပါဘဲ နှစ်ယောက်သားသည် ကွေးနေအောင်ကကြလေတော့၏။ စတင်ကခုန်၍ ခဏအကြာတွင်ပင် ကြံတိုင်းအောင်သည် ပါးစပ်ကြီးကို အစွမ်းကုန်ဖြ၍ “ဝါး”ဟူသောအသံကို တဆက်တည်း အရှည်ကြီးလုပ်ကာ ဆွဲအော်လိုက်လေသည်။ ထိုအခါ နတ်ရုပ်တုတ်ပြကလည်း စောစောက ကတိပြုထားသည့်အတိုင်းလိုက်၍ အော်ရလေ၏။ နတ်ရုပ်တုတ်ပြသည် ပါးစပ်ကြီးကို ဖြသောအခါတွင် သူ့မျက်လုံးတို့သည် ပိတ်ကုန်၏။

ထိုကြောင့် “ဝါး”ဟုအော်နေခိုက်တွင် ကြံတိုင်းအောင်သည် အကရပ်၍အော်နေသည်။ အော်သံရပ်မှ ပြန်ကပြန်၏။ တုတ်ပြကလည်း အော်သံရပ်မှ မျက်လုံးတွေ ပြန်ဖွင့်ကာ မြင်ရသည်။ ထိုနည်းဖြင့် ကြံတိုင်းအောင်သည် နားနား၍ ကခုန်နေလေရာ အချိန်အတော်ကြီးကြာသောအခါတွင် တုတ်ပြသည် မောပန်းလာ၍

mgyoe.com

mgyoe.com


မြေကြီးပေါ်သို့ လဲကျလေတော့သည်။

ပြိုင်ပွဲတွင် ကြံတိုင်းအောင် နိုင်သွားသည်ဖြစ်သောကြောင့် နယ်မြေကို ကျော်ဖြတ်ခွင့်ရသွားလေ၏။ ကြံတိုင်းအောင်သည် နတ်ရှုပ်တုတ်ပြထံမှ လေပေါ်လွင့်သောဆေးလုံးကို ကောင်းသွားသည်။ သူလည်း နတ်ရှုပ်ပေပဲမို့ ဆေးလုံးအမှန်တော့မဟုတ်ချေ။

ဤသို့ဖြင့် ခရီးဆက်ခဲ့သော ကြံတိုင်းအောင်သည် မြင်းကို အပြင်းနှစ်ရင်းကပင် "ရှည်လံနယ်မြေ"ထဲသို့ ဝင်ရောက်လာလေ၏။ နယ်မြေအတွင်းပိုင်းဆီသို့ ဝင်လာမိပြီး မကြာမီပင် မြင်းရောသူပါ ဇက်တွေတောင့်ပြီး ခိုင်ကုန်ကြလေသည်။

"ဟဲ့ .. ဘယ်ကောင်လာပြီး ငါ့ဇက်တွေကို ညှစ်ထားသလဲကွ၊ ဟေ .. မနှိပ်တတ်ဘဲနဲ့ အနှိပ်သည်လုပ်မစားချင်ပါနဲ့လေ"

ကြံတိုင်းအောင်က ဤသို့အော်ဟစ်နေခိုက်တွင်ပင် နတ်ရှုပ်ရှည်သည် တဟားဟားရယ်သံနှင့်အတူ ပေါ်လာလေ၏။ ကြံတိုင်းအောင်သည်လည်း ဇက်ခိုင်နေခြင်းပြေပျောက်သွား၍ ရှေ့တည့်တည့်သို့ကြည့်ရင်း မေးလိုက်သည်။

"ဟ .. ဘယ်လိုလဲ၊ ဗိုက်ကလည်း မြင့်လှချည်လား"

"အရပ်မြင့်လို့ ဗိုက်မြင့်တာပေါ့၊ လူစင်မမီကလေးရဲ့"

"အောင်မယ် .. စားပွဲခုံအောက် ဝင်ပြီးဆောင့်ကြောင့်မထိုင်နိုင်တဲ့လူက ကျုပ်ကိုမသရော်ပါနဲ့"

"ကဲ .. မင်းကြည့်ရတာ လူရှုပ်နဲ့တူတယ်၊ ငါသဘောကျချင်သလိုလို ရှိလာပြီ၊ ဒါပေမဲ့ ငါ့ထုံးစံကိုတော့ ဖျက်လို့မဖြစ်ပါဘူးလေ၊ မင်း ငါ့နယ်မြေကို ဖြတ်ကျော်မယ်မဟုတ်လား"

"ဖြတ်ကျော်မှာပေါ့ဗျ၊ အိမ်က ထွက်လာတာ ခင်ဗျားနဲ့အတူတူ

mgyoe.com

mgyoe.com


လာနေဖို့ ထွက်လာတာမှ မဟုတ်တာ"

"ငါက အရပ်ပဲ ရှည်တယ်၊ မင်းကတော့ လျှာရှည်တာကိုး၊ ဘာပဲဖြစ်ဖြစ် ငါ့နယ်မြေဖြတ်ရင် ငါနဲ့ပြိုင်ပွဲတစ်ခုဝင်ရမယ်၊ နိုင်ရင် ဖြတ်ကျော်ခွင့်ပြုမယ်၊ ရှုံးရင် မင်းဟာ ငါ့ကျွန်ဖြစ်ပြီ"

"စိန်လိုက်ဗျာ"

"စိန်မှာပါပဲ စိတ်ချ၊ ဟောဟိုက ကန်ထဲမှာကို စိမ်မှာပါပဲ။ အကြာဆုံးရေငုတ်နိုင်သူက အနိုင်ပဲ"

ကြံတိုင်းအောင်သည် တွေသွား၏။ ဉာဏ်ကိုထုတ်ရပြန်သည်။

"ခင်ဗျားက ကျွန်တော့်အလိုကိုလည်း လိုက်ဦးမှပေါ့"

"မင်းက ဘာကိုအလိုရှိသလဲ"

"ခင်ဗျားက အရပ်မြင့်တော့ ရိုးရိုးမပြိုင်ဘူး၊ ခြေချင်းပူးချည်ပြီး ကင်းမြီးကောက်ထောင်လျက်က ရေငုတ်ကြမယ်"

နတ်ရုပ်ရှည်လံသည် ကြံတိုင်းအောင်၏ အဆိုပြုချက်ကို လက်ခံပြီးနှစ်ယောက်သားပြိုင်ကြလေ၏။

ခြေထောက်ချင်းပူးချည်ထားသော်လည်း ကင်းမြီးကောက်ထောင်၍ ငုပ်ရသည်ဖြစ်ရာ ရှည်လံ၏ဦးခေါင်းသည် ရေအိုင်၏ အောက်ခြေတွင် ရောက်နေသော်လည်း ကြံတိုင်းအောင်မှာကား ရေမျက်နှာပြင်နှင့် နီးနေ၏။ ထိုကြောင့် ကြံတိုင်းအောင်သည် ဒူးတုပ်ကာ ကမ်းစပ်က သစ်ပင်ငယ်တစ်ခုကိုဆွဲ၍ ဦးခေါင်းကို ရေထဲမှ ထုတ်ထားလေ၏။ သို့ဖြစ်သောကြောင့် ရှည်လံသည် သဘာဝကျစွာနှင့်ပင်ကြံတိုင်းအောင်ကို ရှုံးသွားရလေသည်။

ထိုအခါ ကြံတိုင်းအောင်သည် နတ်ရုပ်ရှည်လံထံမှ ဇက်ခိုင်အောင်ပြုလုပ်ရာတွင် ပေါက်ရသည့် ဆေးလုံးကိုတောင်းသွား၏။

mgyoe.com

mgyoe.com


နတ်ရှုပ်ဖြစ်သဖြင့် ဆေးလုံးအမှန်ကိုတော့ မပေးလိုက်ချေ။

နယ်မြေသုံးခုစလုံးကို အောင်မြင်စွာ ဖြတ်ကျော်လာပြီးခဲ့သည့်နောက်တွင် ဖန်တောင်၏ ခြေရင်းသို့ ရောက်လာခဲ့လေ၏။

ဖန်တောင်သည် ပြောင်ချောနေလျက် နေရောင်တွင် မျက်စိကျိန်းလောက်အောင်ပင် တဖိတ်ဖိတ်တောက်နေသည်။ ထိုကဲ့သို့ ပြောင်ချောလှသော တောင်ပေါ်ကို ဘယ်လိုတက်ရပါလိမ့်ဟု ကြံတိုင်းအောင်သည် တွေ၍ စဉ်းစားနေမိ၏။

"ကျွန်တော့်ကို ကယ်ဆယ်ပါ ခင်ဗျာ"

အသံလာရာသို့ လှည့်ကြည့်လိုက်သောအခါတွင် တောစပ်ကလေးတွင် မြေပေါ်၌လဲကျနေသော ငှက်ကိုတွေ့ရ၏။

"ခင်ဗျားက ဘာငှက်လဲ"

"သိမ်းလေဗျာ"

"ဘာတွေပြန့်ကျဲနေလို့ ဘာတွေကိုသိမ်းရမှာလဲဗျ"

"ဘယ်လိုလဲဗျ၊ သိမ်းငှက်ဆိုတာ မကြားဖူးဘူးလား"

"မကြားဖူးဘူး၊ ကျုပ်အမျိုးထဲမှာ သိမ်းငှက်မှမရှိတာ။ ဒေါ်သိန်းဆိုတာ တစ်ယောက်ပဲရှိတယ်"

"အင်း .. ခင်ဗျားအခုလို ပြောပေမဲ့ ကျွန်တော်မရယ်ချင်ဘူး"

"ကျုပ်ကလည်း ခင်ဗျားကို ဖျော်ဖြေနေတာမဟုတ်ပါဘူးဗျာ"

"ဖျော်ဖြေစမ်းပါဗျာ၊ ကျွန်တော်ရယ်လိုက်ရင် ရောဂါပျောက်သွားမှာဗျ၊ ကျွန်တော့်စိတ်ဓာတ်တွေ ကျနေလို့ ကူညီပါ"

"ကူညီပါ့မယ်လေ။ ခင်ဗျားရဲ့ စိတ်ဓာတ်တွေက ဘယ်နေရာမှာကျနေတာလဲ၊ နေရာကိုသာပြ၊ ပြန်ကောက်ပေးမယ်"

mgyoe.com

"ဘယ်လိုလဲဗျ၊ တော်တော် အူတဲ့လူပဲ၊ ဘယ်လိုလုပ်ပြီးများ နတ်ရုပ်တွေလက်က လွတ်လာတယ်မသိပါဘူး။ ကျွန်တော့်ကို ပျော်ရွှင်ရယ်မောလာအောင် လုပ်ပေးစမ်းပါဗျ"

"ဟာ . . ဒီမှာက ဖန်တောင်ကို မတက်နိုင်လို့ အားပျက်စိတ်ညစ်နေရတဲ့အထဲ ခင်ဗျားကို ဘယ်လိုရယ်အောင်လုပ်နိုင်မှာလဲ"

ပြောပြောဆိုဆိုနှင့်ပင် ကြံတိုင်းအောင်သည် မြင်းပေါ်မှဆင်းပြီး ခြုံငယ်တစ်ခု၏ အစပ်တွင် စိတ်ပျက်ပျက်နှင့် ထိုင်ချလိုက်၏။

"ဝုန်း"

ခြုံကွယ်တွင် အိပ်မောကျနေသော ကျားကြီးတစ်ကောင်၏ တင်ပါးပေါ်သို့ ထိုင်ချလိုက်မိသည်ဖြစ်ရာ ကျားသည် ခုန်၍ထလာလေ၏။ ကြံတိုင်းအောင်လည်း ကျားမှန်းသိသည်နှင့် ပြေးသည်။ ကျားက နောက်က ထက်ကြပ်မကွာလိုက်လာ၏။ ဝေးဝေးမပြေးရမီပင် ကြံတိုင်းအောင်သည် ခလုတ်တိုက်လဲရာ လက်က ဆွဲမိဆွဲရာ လှမ်းဆွဲ၏။ သစ်ပင်ငယ်အုပ်နောက်မှဖြတ်သွားသော ခြသေ့်၏ အမြီးကို ဆွဲမိသည်။

ထိုအခိုက်တွင် ကျားသည် ခုန်အုပ်လိုက်မိသည်ဖြစ်ရာ လဲကျသွားသော ကြံတိုင်းအောင်၏အပေါ်မှ လွန်ထွက်သွားပြီး ချာခနဲလှည့်ဟပ်သောခြသေ့်၏အပေါ်သို့ ကျားသည်ကားယားကြီးကျ၏။

ကျားနှင့်ခြသေ့်သည် သဲသဲမဲမဲ သတ်ပုတ်ကုန်ကြတော့သည်။

ထိုအဖြစ်ကို မြင်ရသောသိမ်းငှက်သည် အားရပါးရရယ်လေ၏။ ကြံတိုင်းအောင်လည်း ဖန်တောင်သို့တက်ရန် သိမ်းငှက်ကို နှုတ်ဆက်သည်။ ထိုအခါ သိမ်းငှက်က သူ၏အတောင်မှအမွေးကလေးနှစ်ချောင်းချွတ်ပေး၏။

mgyoe.com

mgyoe.com


ကြံ့တိုင်းအောင်သည် သိမ်းငှက်၏ ညွှန်ကြားချက်အရ ငှက်မွေး တစ်ခုစီကို ဖိနပ်တစ်ဖက်ထဲတွင် ထိုးထည့်လိုက်သောအခါ မိုးသို့ ပျံ၍ ဖန်တောင်ပေါ်သို့ရောက်သွားလေတော့သည်။ သိမ်းငှက်သည် လည်း လိုရာပျံသန်းသွားလေ၏။

ဖန်တောင်ပေါ်သို့ရောက်သည်နှင့်တစ်ပြိုင်နက် စုန်းမရုပ်ဆိုး နှင့်ရင်ဆိုင်တွေ့ရသည်။

"အလို .. မင်းက ဘာကောင်ပါလိမ့်"

"လူကောင်ပေါ့ဗျ"

"ဘာလုပ်ဖို့ လာသတုံး"

"မြင်သူပန်းမင်းသမီးကို ကယ်ဖို့လာတာ"

စုန်းမရုပ်ဆိုးသည် ခွက်ထိုးခွက်လှန်ရယ်လေ၏။ သူရယ်နေ ခိုက်တွင် ကြံ့တိုင်းအောင်သည် နီးရာအခန်းတစ်ခုထဲသို့ ဝင်မည်ပြု ရာ စုန်းမရုပ်ဆိုးသည် ရယ်မောခြင်းကို ကပျာကယာရပ်ပစ်ရလေ ၏။

"ဟဲ့ ဟဲ့ .. ညာတာပါတေးနဲ့ ဘယ်ထဲဝင်သွားမလို့တုံး။ မြင် သူပန်းကို ကယ်ဖို့နေနေသာသာ နင့်ကိုယ်နင်ပဲကယ်ပါဦး"

စုန်းမရုပ်ဆိုးသည် မြေကို ဖနောင့်နှင့်ပေါက်ရန် ခြေကိုမြှောက် ၏။ ထိုအခါ ကြံ့တိုင်းအောင်သည် ခြေထောက်ကျောက်ဖြစ်စေသည့် ဆေးလုံးနှင့်ပေါက်၏။ သို့သော် စုန်းမရုပ်ဆိုး၏ ခြေထောက်တို့သည် ကျောက်မဖြစ်ပါ။ ဆင်နှာမောင်းများကဲ့သို့ ပျော့ခွေ၍သွားသည်။ ထို့ကြောင့် စုန်းမရုပ်ဆိုးသည် မတ်တပ်ပင်မရပ်နိုင်တော့ဘဲ ဒူးဆစ် မှခွေ၍ ယိုင်တိယိုင်တိုင်ကျသွားလေသည်။

"ဟင်းနော် .. ငါစိတ်ဆိုးလာပြီ"

mgyoe.com

"စိတ်ဆိုးလာတာပဲဗျာ ကြေညာနေရသေးသလား"

"ဟဲ့ .. ငါ့မျက်နှာက အရုပ်ဆိုးတော့အလကားနေရင်းက စိတ်ဆိုးတယ်လို့ ထင်နေတယ်။ ဒီတော့ တကယ်စိတ်ဆိုးတော့ စိတ်ဆိုးမှန်းမသိကြဘူးဟဲ့၊ ကဲ .. စကားမရှည်နဲ့ နင်သေရစေ့မယ်"

စုန်းမရုပ်ဆိုးသည် လက်ညှိုးထိုးရန်ပြင်သည်။ ထိုအခါ ကြံတိုင်းအောင်သည် လေထဲလွင့်စေသည့် ဆေးလုံးနှင့်ပေါက်၏။ စုန်းမရုပ်ဆိုးကား လေထဲမလွင့်ဘဲ မြေကြီးထဲသို့ ကိုယ်တစ်ဝက်နစ်ဝင်သွားသည်။

"ဟယ် .. ဘယ့်နှယ်တွေတော့ဖြစ်ကုန်တယ်မသိပါဘူး"

ကြံတိုင်းအောင်သည် အချိန်ဆွဲမနေတော့ဘဲ ကျန်ရှိသည့် ဇက်ခိုင်ဆေးလုံးနှင့်ထပ်၍ ပေါက်ပြန်ရာ စုန်းမရုပ်ဆိုးမှာ ဇက်တော့မခိုင်၊ သို့သော် ဇက်ကြီးတစ်ပတ်လည်၍ မျက်နှာသည် ကျောဘက်သို့ ရောက်သွားတော့သည်။

ထိုအခါ ကြံတိုင်းအောင်သည် အိမ်ထဲရှိအခန်းများထဲ၌ ရှာဖွေ၍ မြင်သူပန်းမင်းသမီးကလေးအပြင် မင်းသားလူလှကိုပါ ကယ်တင်နိုင်ခဲ့လေတော့သည်။ ထို့ပြင် လက်ဆောင်ပေးရန် ပစ္စည်းသုံးခုကိုလည်း ယူခဲ့ပြီး ပြန်လာကြတော့၏။

ပထမဆုံးပြန်ဖြတ်ရသော နယ်မြေမှာ ရှည်လံ၏ နယ်မြေဖြစ်၏။ ကြံတိုင်းအောင်သည် စုန်းမရုပ်ဆိုး၏ အိမ်ရှေ့တံခွန်တိုင်နှစ်တိုင်မှ ဖြုတ်လာခဲ့သော တံခွန်လုံးနှစ်ခုကို လက်ဆောင်ပေးသည်။

"ဟာ .. ဝမ်းသာလိုက်တာကွာ၊ ခုမှခြေအိတ်တစ်စုံရတာပဲ"

နတ်ရုပ်ရှည်လံသည် ဝမ်းသာသဖြင့် မင်းသားဖြူဝကို သူတို့နှင့်ပြန်၍ထည့်လိုက်သည်။

mgyoe.com

mgyoe.com


"ကဲ . . ကိုတုတ်ပြရေ ရော့ . . ခင်ဗျားအတွက်လက်ဆောင်"

ကြံတိုင်းအောင်သည် မိုးပြဒယ်ကြီးကို ပေး၏။

"ကျေးဇူးတင်လိုက်တာကွာ၊ ခုမှ သံခမောက်ရတယ်"

နတ်ရှုပ်တုတ်ပြကလည်း မင်းသားတူမျှကို ပြန်ထည့်ပေးလိုက်လေသည်။ နတ်ရှုပ်လိမ်ကောက်နှင့်တွေ့သောအခါတွင်ကား ကြံတိုင်းအောင်က မုန့်ပုံးတစ်ပုံးကိုပေးသည်။

နတ်ရှုပ်လိမ်ကောက်သည် အထဲက မုန့်များကို ထုတ်ကြည့်သောအခါတွင် မုန့်ကြိုးလိမ်များဖြစ်နေသည်ကိုတွေ့ရလေ၏။

"ဟန်ကျလိုက်လေခြင်းကွာ၊ မုန့်က လိမ်ကောက်ပြီးသားဖြစ်နေတော့ ဝါးစားစရာမလိုဘူး။ တစ်ခုလုံး မျိုချလိုက်ရင် သူ့ဘာသာသူ အလိုက်သင့်ဝင်သွားတာပဲ"

သူကလည်း ကျေးဇူးဆပ်သောသဘောဖြင့် စေကျွန်ပြုထားသော မင်းသားရုပကို သူတို့နှင့်ပြန်ထည့်လိုက်လေသည်။

ဤသို့ဖြင့် တစုတဝေးကြီး ပြန်လာခဲ့ကြရာ မကြာမြင့်မီပင် မင်းသမီး၏ နေပြည်တော်သို့ ရောက်ခဲ့ကြလေ၏။

"ဟာ. . မြင်သူပန်းမင်းသမီးကလေး ပြန်ရောက်လာပြီဟေ့"

တိုင်းသူပြည်သားများလည်း ဝမ်းသာအားရ အော်ဟစ်ကြွေးကြော်ကြလေတော့သည်။ ဘုရင်နှင့်မိဖုရားကြီးများလည်း ဝမ်းသာလွန်းအားကြီးသဖြင့် သူတို့ ရောက်အောင်ပင် မစောင့်နိုင်ကြဘဲ နန်းတော်ပေါ်မှပြေးဆင်းလာကြ၏။

မင်းသမီးကလေး ပြန်ရောက်လာသောအထိမ်းအမှတ်အဖြစ် ပွဲလမ်းသဘင်ကို ခုနစ်ရက်တိတိကျင်းပသည်။ ပွဲလမ်းသဘင်ကျင်းပနေဆဲတွင်ပင် မြင်သူပန်းသမီးတော်၏ စိတ်ကြိုက်ဆန္ဒအလျောက်

mgyoe.com

အလျှံပယ်မင်းကြီး၏ သားတော်အငယ်ဆုံးဖြစ်သည့် မင်းသားလူလှနှင့် လက်ထပ်ထိမ်းမြားပေးတော်မူ၏။


သမီးတော်လေး ပြန်ရောက်သည့်ကိစ္စတွင် မပါလျှင်မပြီး အရေးကြီးလှသူဖြစ်သော ကြံတိုင်းအောင်ကိုလည်း ရွှေငွေကျောက်သံပတ္တမြားစသည့် များစွာသောဆုလာဘ်တော်များကို ပေးတော်မူလေသည်။

ကြံတိုင်းအောင်သည်လည်း ပွဲလမ်းသဘင်ပြီးဆုံးသောအခါတွင် ဆုတော်လာဘ်တော်များကို လှည်းဖြင့်တိုက်၍ မိဘနှစ်ပါးထံ ပြန်လာခဲ့သည်။ ကြံတိုင်းအောင်၏မိဘများသည်လည်း လွန်စွာဝမ်းမြောက်ကြရ၏။ ဤသို့ဖြင့် အကြံတိုင်းကောင်းသဖြင့် အောင်မြင်လာသော ကြံတိုင်းအောင်သည် ငွေကြေးဥစ္စာချမ်းသာကြွယ်ဝလာသော်ငြားလည်း ဝီရိယကိုကား မလျော့ဘဲ မိမိတို့လုပ်ကိုင်မြဲဖြစ်သည့် လယ်ယာစိုက်ပျိုးခြင်းအလုပ်ကိုဆက်လက်၍ လုပ်ကိုင်နေပေသည်။

❑

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## ရန်ဖြစ်တတ်သော လင်မယား

ဖိုးဆန်းနှင့် မယ်ရွှေတို့သည် တစ်ကျက်ကျက်နှင့် ရန်ဖြစ်လေ့ရှိသည်။ ဘာမဟုတ်သည့်အကြောင်းအရာအသေးအဖွဲကလေးနှင့်လည်း ရန်ဖြစ်တတ်ကြ၏။ ထို့ကြောင့် အိမ်နီးချင်းများသည် သူတို့ရန်ဖြစ်တိုင်း လာရောက်ဖြန်ဖြေပေးတတ်ကြသော်လည်း ရန်ဖြစ်သည့်အကြောင်းရင်းကိုဘယ်သူမျှ မမေးကြတော့ချေ။

ဟော. . ယနေ့လည်း ဖိုးဆန်းနှင့် မယ်ရွှေတို့သည် ရန်ဖြစ်နေကြပြန်လေပြီ။

'ဟေ. . မယ်ရွှေ၊ မင်းတော်တော်လျှာရှည်ပါလား"

"ကျုပ်ဖာသာ ကျုပ်ရှည်တော့ တော်က ဘာလုပ်ချင်သေးသလဲ"

"မင်းနာမည်ကို ပြောင်းပစ်ချင်တာပေါ့၊ မင်းနာမည်ဟာ မယ်ရွှေမဟုတ်ဘဲ မယ်ရှေဖြစ်ဖို့ကောင်းတယ်။ ငါလိုကောင်မို့ အမိုက်ခံပြီး မင်းကို ပေါင်းနေတာ"

"အောင်မာ. . ကြီးကျယ်လိုက်တာ၊ တော့်ကိုယ်တော် ဘာများအောက်မေ့နေလို့လဲ"

mgyoe.com

mgyoe.com


"ဟ. . ငါ့ကိုယ်ငါ ဘာဖြစ်လို့အောက်မေ့ရမှာလဲ၊ ငါ့ကိုယ်နဲ့ငါ ကွဲနေတာမှ မဟုတ်တာ"

ဖိုးဆန်းကတော့ စကားကို စိတ်ထဲပေါ်လာသည့်အတိုင်း ပြောလိုက်ခြင်းသာဖြစ်သည်။ ဤသို့ ပြောသည်ကိုပင် မယ်ရွှေက သူ့ကို နောက်တီးနောက်တောက်ပြောသည်ဟု ထင်သွား၏။ ထို့ကြောင့် မယ်ရွှေသည် ဖိုးဆန်း၏စကားကို ဘယ်လိုပြန်ပြောရမှန်းမသိဖြစ်သွားလေရာ ပါးစပ်က ဘာမှပြန်မပြောတော့ဘဲ လက်က ငရုတ်ကျည်ပွေ့ကို လှမ်း၍ဆွဲလေ၏။

ဖိုးဆန်းသည် မယ်ရွှေ၏နှုတ်မှ လွှတ်သောစကားလုံးများကို မကြောက်ပါ။ သို့သော် လက်မှလွှတ်ထည့်တတ်သော အရာများကို ဆိုလျှင် ငရုတ်ကျည်ပွေ့ကိုမဆိုထားဘိ၊ ယောက်မကိုလည်းကောင်း၊ ထမင်းအိုး ဟင်းအိုးများကိုလည်းကောင်း၊ ခွက်ယောက်ပန်းကန်များကိုလည်းကောင်း အားလုံးကိုကြောက်သည်ချည်းဖြစ်၏။ မကြောက်၍လည်း မဖြစ်ပါ။ ထိုအရာများကို ပစ်လွှတ်လိုက်ခြင်းကြောင့် ဖိုးဆန်းအတွက် ရလဒ်မှာ နောက်စေ့တွင် ဖူးသွားခြင်း၊ နဖူးတွင် နောက်တစ်ဖူးပေါ်၍ စုစုပေါင်း သုံးဖူးဖြစ်သွားခြင်း၊ ကျောအောင့်ခြင်း၊ ခါးနာခြင်း စသည်တို့ဖြစ်ရသည်။

သို့ဖြစ်သောကြောင့် မယ်ရွှေကငရုတ်ကျည်ပွေ့ကို လှမ်းဆွဲရန် ဟန်ပြင်လိုက်ကတည်းကပင် ဖိုးဆန်းသည်အိမ်ရှေ့ဘက်သို့ ချာခနဲလှည့်၍ ပြေးသည်။ မယ်ရွှေကလည်း ဖိုးဆန်းကိုမမှီလိုက်မှာစိုးသဖြင့် ပို၍မြန်မြန်ဆန်ဆန်ပြုလုပ်၏။ ဖိုးဆန်းအိမ်ရှေ့ဘက်မရောက်မီ အုပ်မိအောင်ပင် နောက်စေ့သို့ချိန်၍ လက်ထဲမှ ငရုတ်ကျည်ပွေ့ကို ပစ်ထည့်လိုက်လေသည်။

mgyoe.com

ဖိုးဆန်းသည် အိမ်ရှေ့နှင့်အိမ်နောက်ဖေးသို့အကူးတွင်ရှိသော တံခါးအောက်ဘောင်ကို ခလုတ်တိုက်ရာ လဲကျမသွားသော်လည်း ရှေ့သို့ ငိုက်စိုက်ဖြစ်ကာ ဟပ်ထိုးထိုသွားလေသည်။

ငရုတ်ကျည်ပွေ့သည် သူ၏ဦးခေါင်းပေါ်မှ တဝီးဝီးနှင့် ဖြတ်ကျော်သွားကာ ရန်ပွဲဖျဉ်ရန် ကော့ကော့၊ကော့ကော့နှင့် အိမ်ရှေ့က တက်လာသော အိမ်နီးချင်းဦးပိန်၏နဖူးကို ဒေါက်ခနဲ ထိမှန်လေတော့၏။

"ဟယ်. . သေပေါ့. . သေပေါ့. . ဟမလေး"

ဦးပိန်သည် ဤသို့မြည်တမ်း၍ ကြမ်းပြင်ပေါ်သို့ တောင့်တောင့်ကြီးနောက်ပြန် ဒုန်းခနဲကျသွားရှာလေ၏။

"ဟဲ့. . မယ်ရွှေ"

"ဘာတုန်း"

"အော်. . မာတုန်းရှိသေးသလား"

"မာတယ်ရှင့်၊ ဘာလဲ. . တော်က ကျုပ်ကို သေစေချင်ပြီလား၊ တော်သေစေချင်ပေမယ့် ကျုပ်မသေနိုင်ဘူး၊ မာတယ်. . မာတယ်"

"အေး. . နင်မသေသေးပေမယ့် ဒီမှာ ဦးပိန်တော့ စန့်နေပြီဟ၊ နင်တော့ အမှုရောက်တော့မယ်"

"ဟောတော့"

မယ်ရွှေသည် မီးဖိုချောင်မှပြေး၍ထွက်လာသည်။ အိမ်ရှေ့တွင် စန့်စန့်ကြီးပက်လက်လန်နေသော ဦးပိန်ကိုတွေ့သောအခါတွင် လန့်ပြီး မယ်ရွှေသည် မေ့လဲကျသွားလေ၏။

ဖိုးဆန်းသည် စိတ်ညစ်သွားသည်။

"အင်း . . နှစ်ယောက်စလုံးတော့ စန့်နေကြပြီ၊ မစန့်မကျွေး

mgyoe.com

mgyoe.com


ဘဲ ကောင်းကောင်းမွန်မွန်ရှိနေတာ ငါတစ်ယောက်ပဲရှိတော့တယ်"

ဤသို့တွေး၍ သူစိုးရိမ်လာသည်။ ယခုနေ သူကြီးလာလျှင် သူ့ကိုသာ ဖမ်းဆီးချုပ်နှောင်မည်ကို သူတွေး၍ပူပန်၏။ တွေးရင်းတွေးရင်းပင် သူသည် အလွန်ပင်စိတ်ညစ်လာသည်။ မယ်ရွှေအပေါ် မဖောက်ပြန် ယနေ့အထိချစ်နေခဲ့သည်။ သို့သော် တစ်ရက်မျှ နားမအေးရ။ ထာဝစဉ် ရန်ဖြစ်နေရသည်။

ဖိုးဆန်းသည် အလွန်ပင်စိတ်ညစ်ကာ ရွာပြင်သို့ထွက်ခဲ့၏။ ရွာပြင်တွင် ရေကန်ကြီးတစ်ကန်ရှိ၏။ ထိုရေကန်ကြီးမှာ သိပ်မကျယ်ဝန်းသော်လည်း အလယ်ခေါင်နားတွင် အလွန်နက်သဖြင့် မည်သူမျှ မဆင်းဝံ့ကြချေ။ ဆင်းသွားသူများလည်း ပြန်၍ပေါ်မလာကြတော့။

အမှန်သော်ကား ဤရေကန်ကြီး၏ အလယ်ခေါင်တွင် အလွန်နက်သော တွင်းကြီးတစ်တွင်းရှိ၏။ ထိုတွင်းထဲမှ ကမ္ဘာ့လိပ်ကြီးတစ်ကောင် ထွက်ထွက်လာတတ်ပြီး ရေထဲဆင်းသူတွေကို ဖမ်းယူစားသောက်တတ်လေသည်။ သို့သော် ကမ္ဘာ့လိပ်ကြီးသည် တွင်းထဲက ထွက်လာလျှင်လည်းရေအောက်တွင်သာနေ၍ ရေမျက်နှာပြင်ပေါ်သို့ တက်လေ့တက်ထမရှိသဖြင့် မည်သူမျှမတွေ့မမြင်ဖူးကြပါ။

ရေကန်နားသို့ရောက်လာသောအခါတွင် ဖိုးဆန်းသည် စိတ်အလွန်ညစ်လာသည်နှင့်သေချင်လျှင်လည်း သေပါစေတော့ဟု စိတ်ကူးပေါက်ကာ ဝတ်လာသောပုဆိုးအနီရောင်ကလေးကို ပို၍မြဲမြံအောင် ထပ်မံ၍ဝတ်လိုက်ပြီးသော် အနားက သစ်ပင်ပေါ်သို့ တက်၏။ ထို့နောက် ကန်ပေါ်သို့ကိုင်းနေသော သစ်ကိုင်းအဖျားမှ ကန်၏ အလယ်သို့ အတင်းခုန်ချလိုက်လေတော့သည်။

mgyoe.com

ရေထဲသို့ရောက်သည်နှင့်တစ်ပြိုင်နက် ဖိုးဆန်းသည် ကြောက်၍ မေ့မြောသွားလေ၏။ ထိုအခိုက်တွင် ရေလယ်ခေါင်တွင်းကြီးထဲမှ ကမ္ဘာလိပ်ကြီးသည် အရှိန်ပြင်းစွာနှင့်ထွက်လာလေရာ အပေါ်က ကျလာသောဖိုးဆန်းကို အရှိန်ပြင်းစွာနှင့် တိုက်မိလေ၏။ လိပ်ကြီး တိုက်လိုက်သောအရှိန်ကြောင့် ဖိုးဆန်းသည် ကန်ထဲမှလွင့်စင်ထွက်သွားလေသည်။

ကန်နှင့်မလှမ်းမကမ်း လှည်းလမ်းပေါ်တွင် လှည်းတစ်စီးသည် ကောက်ရိုးများတင်၍မောင်းနှင်လာ၏။ မိုးပေါ်သို့လွင့်တက်သွားကာ ဖိုးဆန်းသည် ထိုကောက်ရိုးလှည်းပေါ်သို့ပြန်ကျသည်။ ဖိုးဆန်းသည်ကား မေ့လက်စနှင့်ဆက်လက်၍ မေ့နေ၏။

လှည်းသမားသည်လည်း သူ့လှည်းပေါ်တွင် လူပိုတစ်ယောက် ဖျတ်ခနဲရောက်လာခြင်းကိုမသိဘဲ ဆက်လက်၍မောင်းနှင်သွားသည်။ ကောင်းကင်တွင် ပျံဝဲနေသော ငှက်ကြီးတစ်ကောင်ကမူ လှည်းပေါ်က ဖိုးဆန်းကိုမြင်၏။ ဖိုးဆန်းဝတ်ဆင်ထားသော ပုဆိုးနီနီကြောင့် ဖိုးဆန်းကို လူဟုမထင်ဘဲ အသားတစ်ကြီးတစ်ခုခုဟု ထင်မှတ်သွားသည်။

သို့ဖြစ်လေရာ ငှက်ကြီးသည် အရှိန်ပြင်းစွာဖြင့် ထိုးဆင်းလာပြီး လှည်းပေါ်တွင်မေ့မြောနေသော ဖိုးဆန်းကို ဈွေ့ခနဲချီ၍ ကောင်းကင်သို့ပြန်တက်သွားလေတော့၏။ ဖိုးဆန်းသည် သတိရချင်သလိုလိုဖြစ်ကာ အနည်းငယ်လူးလွန့်ပြီး ပါးစပ်မှ "အဟမ်း. . အဟမ်း. . အဟတ်. . အဟွတ်"ဟူ၍ ချောင်းဆိုးသည်။ ငှက်ကြီးသည် အသံထွက်လာသဖြင့် အသားတစ်မဟုတ်မှန်းသိကာ လန့်၍ ဖိုးဆန်းကို လွှတ်ချပြီးဆက်လက်၍ပျံသန်းသွားတော့သည်။

mgyoe.com

mgyoe.com

ဖိုးဆန်းသည် ကောင်းကင်မှကျလာပြီး တောအုပ်ကလေးတစ်ခုတည်းမှ ခြုံဖုတ်ပေါ်သို့ကျ၏။ မေ့မျောနေဆဲပင်ဖြစ်သည်။

မကြာမီပင် ဖိုးဆန်းသည် ပြန်၍သတိရလာ၏။ ခြုံကို လက်များဖြင့်ရှင်း၍ ကုပ်ကုပ်ကလေးထွက်လာသည်။ သူ ဘယ်နေရာရောက်နေမှန်းမသိချေ။ သူ သတိရသည်မှာ စိတ်ညစ်၍ ရေကန်ထဲခုန်ချသေခဲ့သည်ကို သတိရ၏။ သို့သော် ယခုသူရောက်နေသော နေရာတွင် ရေဟူ၍တစ်စက်မျှမရှိ။ သစ်ပင်များ၊ ခြုံဖုတ်များသာရှိသည်။

"ဟယ်. . ငါသေသွားပါပကော"

သူကိုယ်သူ သေပြီးသားကြီးဖြစ်နေပြီဟုထင်ကာ ဝမ်းနည်းသလိုလိုဖြစ်မိသည်။ သို့သော် သေခဲ့ပြီးမှတော့ ရောက်ရာဘဝတွင်နေထိုင်ရန် စိတ်ပိုင်းဖြတ်လိုက်ပြီး တောလမ်းကလေးမှ လျှောက်ခဲ့၏။

ထိုအခိုက်တွင် ရဟန်းတစ်ပါးသည် ဆွမ်းခံရာမှ ပြန်လာနေသည်ကို မျက်နှာချင်းဆိုင်တွေ့ရသည်။

"ဟော. . ဟိုဟာတော့ ဘုန်းကြီးပဲ၊ ငါဟာ ပြိတ္တာဖြစ်နေရင်လည်း ကိစ္စမရှိဘူး၊ ဘုန်းကြီးဆိုတော့ ကြောက်မှာမဟုတ်ပါဘူး၊ ဒါပေမယ့် ဘုန်းကြီးမြင်အောင်တော့ ကိုယ်ရောင်ပြမှဖြစ်မယ်"

ဖိုးဆန်းသည် ဤသို့ သူဖာသာသူစိတ်ကူးကာ ဘုန်းကြီးထံမေးလျှောက်ရန်ရှိသည်တို့ကို ကြံ၏။ သို့သော် ကိုယ်ထင်ပြခြင်းကို ဘယ်လိုလုပ်ရမှန်းသူမသိချေ။

"ဟယ်. . ခက်ပြီ၊ ငါကလည်း သေပြီးခါစဖြစ်နေတော့ ကိုယ်ထင်ပြတာ ဘယ်လိုလုပ်ရမှန်းမသိဘူး"

သူသည် ဘုန်းကြီးနှင့်စကားပြောလိုလှသဖြင့် ကိုယ်ထင်ပြသည့်

mgyoe.com

mgyoe.com


နည်းကို စိတ်ကူးပေါက်သလိုလုပ်ကြည့်သည်။

"ငှါကို မြင်စေ. ."

ဤသို့ ပါးစပ်ကဆိုကာ စွေ့ခနဲခုန်လိုက်၏။ အနီးသို့ရောက်သောအခါ ဘုန်းကြီးသည် သူ့ကိုအံ့အားသင့်၍ကြည့်သည်။ စိတ်ထဲတွင်ကား လူပြတ်သောတောလမ်းခရီးတွင် အရူးနှင့်တွေ့နေရခြင်းသည် အန္တရာယ်ရှိ၏ဟု မှတ်ယူသွားသည်။ အရူးကိုချော့မှ ဖြစ်မည်ဟုလည်း ကြံစည်၏။

"အရှင်ဘုရား. ."

ဖိုးဆန်းသည် မတော်တဆ ပြိတ္တာဖြစ်နေလျှင် ဘုန်းကြီးလန့်သွားမည်စိုး၍ မျက်နှာကို တတ်နိုင်သမျှ ချိုချိုထားကာ လျှောက်ကြားသည်။

"ဘာများတုန်း. . ဒကာလေးရယ်"

ဘုန်းကြီးသည် မတော်တဆ အရူးကစိတ်ဆိုးသွားမည်စိုးသဖြင့် မျက်နှာကို တတ်နိုင်သမျှ ချိုချိုထားကာ ချော့မော့သောလေသံဖြင့် ပြန်ဖြေသည်။

"အဟဲဟဲ. . တပည့်တော် လျှောက်တင်ချင်တာ တစ်ခုရှိပါတယ်ဘုရား"

"ဟေဟေဟေ. . လျှောက်ပါကွာ. . လျှောက်ပါ၊ တစ်ခုမဟုတ်ပါဘူး ဆယ်ခု. . အခုတစ်ရာ လျှောက်ချင်သလောက်လျှောက်"

"အဟီးဟီး. . တစ်ခုတည်းပဲလျှောက်ချင်တယ်ဘုရား"

"ဟင်းဟင်း. . ဒါဖြင့်လည်း တစ်ခုတည်းပဲလျှောက်ပါ တကာလေးရယ်"

"လူဟာ သေပြီးရင် နောက်ဘဝကျတော့ ကလေးပြန်ဖြစ်တာ

mgyoe.com

mgyoe.com


ချည်းပဲလားဘုရား၊ လူကြီးတန်းဖြစ်တာကော ရှိသလားဘုရာ့"

"ဟာ. . ရှိတာပေါ့ဒကာလေး၊ အဲဒါမျိုးကို ဥပပတ္တိဝါမျိုးဟာ နောက်ဘဝမှာ မိခင်ရဲ့ဝမ်းဗိုက်ထဲဝင်မနေတော့ဘဲ တစ်ခါတည်း လူကြီးတန်းဖြစ်တော့တာပဲ"

"ဘယ်လိုသတ္တဝါမျိုးလဲဘုရား"

"နတ်တွေပေါ့တကာရယ်"

"ဟာ. . ဟန်ကျပြီဟေ့"

ဖိုးဆန်းသည် လွတ်ခနဲအော်၍ တောလမ်းဘေးက မြက်ရိုင်းများပေါ်တွင် ဂွမ်းလှိမ့်ထိုးသည်။ ဘုန်းကြီးသည် နောက်သို့ပြန်မကြည့်တော့ဘဲ ခပ်သုတ်သုတ်ကြွသွားလေတော့၏။

ဖိုးဆန်းသည် ခဏကြာမှ ဂွမ်းပစ်ခြင်းကို ရပ်၍စိတ်လိုက်မာန်ပါလုပ်မိသည့်အတွက် ဘုန်းကြီးတော့ ဘာထင်သွားသလဲမသိဟု တွေးကာ ရှက်မိသလိုလို ဖြစ်လာသည်။

"ကိုယ်ရောင်ပြန်ဖျောက်ထားမှပဲ"

ဤသို့ကြံ၍ ကိုယ်ရောင်ပြန်ဖျောက်ရန် ပြုလုပ်ရလေ၏။ ကိုယ်ရောင်ပြန်ဖျောက်သည်မှာလည်း ဘာလုပ်ရမှန်းမသိသဖြင့် လုပ်မိလုပ်ရာပင် တစ်နေရာထဲတွင် စွေ့ခနဲခုန်၍ 'ပျောက်စေ'ဟု အော်သည်။

ထို့နောက် သူ့ကိုယ်သူ ကိုယ်ရောင်ပျောက်နေပြီဟုထင်မှတ်ကာ ခြေဦးတည့်ရာသို့ဆက်လက်၍ လျှောက်ခဲ့လေ၏။

မကြာမီပင် သူသည် ဘုရင်တစ်ပါး၏နန်းတော်ဝင်းကြီးနားသို့ ရောက်သွားလေသည်။ နန်းတော်ဝင်းကြီးမှာ မြင့်မားသော သစ်ပင်ဝါးပင်တို့ဖြင့် ကာရံထား၏။ လူတစ်ရပ်ကျော်ကျော်မြင့်သော

mgyoe.com

ဝင်းထရံ ဖြစ်သောကြောင့် အပြင်ဘက်မှနေ၍ အတွင်းဘက်သို့ မမြင်နိုင်ချေ။

ဤတိုင်းပြည်မှ ဘုရင်ကြီးသည် အလွန်ပင်စကားနည်း၍ သဘောကောင်းသည်။ အလှူဒါနကိုလည်း များစွာဝါသနာပါ၏။ အနီးအပါးတိုင်းပြည်တစ်ခုမှ ဘုရင်သည် ဤဘုရင်ကြီး၏ သဘောကောင်းမှုကို အခွင့်ကောင်းယူ၍ ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ရန် ကြံစည်နေသည်။ သို့သော် ဤတိုင်းပြည်မှဘုရင်ကြီးကို မှူးမတ်သေနာပတိများက ကြည်ညိုချစ်ခင်လွန်းသဖြင့် ဘုရင်ကြီးအတွက် အသက်အသေခံ၍ ကာကွယ်ပေးကြမည့်သူများစွာရှိနေသည်။ ထို့ကြောင့် ရန်သူဘုရင်ကြီးမှာ စင်မပြိုင်ဝံ့ချေ။ သို့သော် သူများတိုင်းပြည်ကိုသိမ်းပိုက်ချင်သည့် မတရားလောဘကြောင့် ဤဘုရင်ကြီးကို လုပ်ကြံသတ်ဖြတ်ပစ်ချင်လှ၏။ သို့ဖြင့် သူလျှိုများစေလွှတ်ကာ အလစ်ချောင်း၍ ဘုရင်ကြီး၏အသက်ကို သတ်ရန်ကြံနေသည်။ ရန်သူဘုရင်ကြီး၏သူလျှိုများသည်လည်း နန်းတော်ဝင်းထဲတွင် ရောက်ရှိနေကာ အမျိုးမျိုး အလစ်ချောင်းနေကြ၏။

ယခုအချိန်တွင် ဘုရင်ကြီးသည် အယုတ်၊ အလတ်၊အမြတ် မရွေး အလှူကြီးပေးနေလေရာ နန်းတော်ဝင်းထဲတွင် စားသောက်သူများ တရုံးရုံးနှင့်ဖြစ်နေကြ၏။ ဘုရင်ကြီးကိုယ်တိုင်ကလည်း ဝင်းခြံဥယျာဉ်တော်ထဲတွင် ဟိုသွားဒီသွားနှင့် စားကြသူတွေ လောက်လောက်ငငစားကြရပါ၏လောဟု လိုက်လံကြည့်ရှုနေ၏။

ထိုအချိန်တွင် ရန်သူဘုရင်ကြီး၏ သူလျှိုတစ်ယောက်သည် ထက်လှစွာသောဓားမြောင်ကိုကိုင်ကာ ခြုံငယ်တစ်ခု၏နောက်တွင် ဝပ်၍ ဘုရင်ကြီးအလာကို စောင့်ဆိုင်းနေ၏။ အခါအခွင့်သင့်လျှင်

ဘုရင်ကြီးကိုလုပ်ကြံသတ်ဖြတ်ရန်ဖြစ်သည်။

ဖိုးဆန်းသည်လည်း ယောင်ပေယောင်ပေနှင့် ဝင်းခြံ၏အပြင်ဘက်နားသို့ ရောက်ရှိလာလေ၏။ ဝမ်းထဲတွင်လည်း ဆာလောင်လာသည်။

"ငါထင်ခဲ့တာ နတ်ဆိုတာ ဆာလာရင် နတ်သုဒ္ဓါတွေရောက်လာတယ်တဲ့၊ ငါ့ကျတော့အခုထက်ထိ နတ်သုဒ္ဓါလည်းရောက်မလာပါလား၊ ငါက ခပ်ချာချာနတ်ထဲကနဲ့တူတယ်၊ အလို. . ဟိုဟာ ဘာပါလိမ့်. . ကုသိုလ်ကံနည်းလို့ စားပွဲတွေ၊ ခုံတွေ၊ ဗိမာန်တွေမရှိတာကြောင့် နတ်သုဒ္ဓါဟာ လမ်းဘေးရောက်နေတယ်ထင်ပါရဲ့. . မုန့်စမ်း. . ဟယ်. . ခွေးချေတွေ. . "

ဖိုးဆန်းသည် တံတွေးထွေးကာ အနားမှသစ်ရွက်များဖြင့်လက်ကို သုတ်ပစ်ရ၏။ ထိုအခိုက်တွင် သူသည် တစ်စုံတစ်ခုကို မြင်မိတော့သည်။

မလှမ်းမကမ်းက သရက်ကိုင်းအမြင့်တွင် ဆင်ထားသောဒန်းကို မြင်မိခြင်းဖြစ်၏။ ထိုအခါတွင် စိတ်ကူးအကြံတစ်မျိုးပေါက်လာလေသည်။

"ငါ နတ်ဖြစ်နေပြီပဲ. . ကောင်းကင်က ပျံသွားရမှာပေါ့၊ ဒါပေမဲ့ ကောင်းကင်ကို ထမပြန်ခင် နည်းနည်းတော့ လေ့ကျင့်ပေးထားမှ ဖြစ်မယ်၊ ငါက မူးတတ်ပါဘိသနဲ့. . တော်တော် ကောင်းကင်မှာ ပျံနေခိုက် နတ်ကြီးမူးပြီး ခွေးကျကျရင် လူတွေ ဝိုင်းရယ်တော့မယ်"

ဤသို့ကြံစည်၍ လေထဲတွင် ပျံသန်းစဉ်မူးဝေခြင်းမရှိအောင် လေ့ကျင့်သည့်သဘောဖြင့် ဒန်းပေါ်သို့ မတ်တတ်တက်၍ရပ်၏။ ထို့နောက် ကြိုးများကို လက်နှစ်ဖက်ဖြင့်ကိုင်ကာ ဒန်းကိုလွှဲ၏။

mgyoe.com

လွှဲ-လွှဲ-လွှဲ၊ လေတို့သည် အရမ်းတိုးဝှေ့ကြသောကြောင့် ဖိုးဆန်းသည် မျက်စိများကိုပင် ကောင်းကောင်းဖွင့်မထားနိုင်သဖြင့် ပတ်ဝန်းကျင်ကို ဘာမှကောင်းစွာမမြင်နိုင်အောင်ဖြစ်နေရသည်။

လွှဲ. . လွှဲ. . လွှဲ၊ အရှိန်သည် ပို၍ပို၍ ပြင်းလာ၏။ သရက်ကိုင်းကြီးသည်လည်း ပို၍ ပို၍ညွတ်ပဲ့ ညွတ်ပဲ့ဖြစ်လာသည်။ ကောင်းကင်တွင် နေသားတကျ ပျံချင်လွန်းလှသော ဖိုးဆန်းသည် အားသွန်ခွန်စိုက်ဆက်၍လွှဲယမ်းနေသည်။ မကြာပါ။

ဂွျတ်. . ။

သရက်ကိုင်းကြီးကား သွင်သွင်ကျိုးလေတော့၏။ ဒန်းပေါ်မှ ဖိုးဆန်းသည်လည်း ဂျွမ်းပြန်ကျလေသည်။ သို့သော် သူသည် အနာတရဘာမျှမဖြစ်ချေ။ အဘယ့်ကြောင့်ဆိုသော် ပန်းခြုံကွယ်ကလေးတစ်ခု၏နောက်တွင် ကုပ်ကုပ်ကလေးချောင်းနေသော ရန်သူဘုရင်ကြီး၏ သူလျှိုကိုယ်ပေါ်သို့ကျရောက်သွားသောကြောင့် ဖြစ်၏။

ဖိုးဆန်းသည် ခြုံကွယ်မှထ၍ ထွက်ခဲ့၏။ သူလျှိုကား ပြားကပ်၍ မေ့မျောကျန်ရစ်သည်။

မျက်စိရှေ့တွင် မြင်နေရသော မြင်ကွင်းကြောင့် ဖိုးဆန်းသည် ပို၍ ပို၍ဆာလောင်မွတ်သိပ်လာ၏။ လူတို့သည် ဝိုင်းကြီး ဝိုင်းငယ်နှင့် ဘုရင်ကြီးအလှူဒါနပြုနေသော စားကောင်းသောက်ဖွယ်တို့ကို ခေါင်းမဖော်နိုင်အောင် အားရပါးရ ပလုပ်ပလောင်း စားသောက်နေကြသောကြောင့်ဖြစ်သည်။ သူတို့သည် သူတို့နားမှ ဖြတ်၍ ဒေးရင်းရှောက်သွားသော ဖိုးဆန်းကိုပင် မမြင်နိုင်ကြပေ။

လိုအပ်သောအစာများကို လိုက်လံဖြည့်တင်းပေးနေကြသော မင်းယောကျ်ားများကား ဟိုသည်လူးလာသွားလာနေကြသည်ကား

mgyoe.com

mgyoe.com

မှန်၏။ သို့ရာတွင် အားရပါးရ ပါးစပ်ကြီးတွေဖြဲ၍ နင်းကန်ထိုးသိပ် စားသောက်ကြသော လူများကြောင့် စားပွဲဝိုင်းတွင် ထာဝစဉ်လိုလို အစားအစာတွေ ဖြည့်တင်းရန် လိုလိုနေသည်ဖြစ်ရာ မင်းယောကျ်ားများသည် အလုပ်တွေရှုပ်လှသဖြင့် ယောင်ပေယောင်ပေနှင့် ဖြတ်၍လျှောက်သွားသော ဖိုးဆန်းကို ဂရုမပြုနိုင်ကြ။

ဤသည်ကိုပင် ဖိုးဆန်းက သူသည် ကိုယ်ရောင်ဖျောက်ထားသဖြင့် လူတွေက သူ့ကိုမမြင်ဟုထင်မှတ်၍ ပြုံးပင်ပြုံးမိသည်။ ထို့နောက် သူသည် တစ်မျိုးဆက်၍စဉ်းစား၏။ တော်ရုံတန်ရုံဝိုင်းတွင် ဝင်၍စားလျှင် သင့်တော်ရုံအစားအစာများကိုသာ စားရမည်။ မြင့်မြတ်သောဝိုင်းတွင် ဝင်၍စားသောက်လျှင် ကောင်းကောင်းစားသောက်ရမည်ဖြစ်၏။ သို့ဖြင့် သူသည် ဝိုင်းနှံ့အောင်လျှောက်၍ ကြည့်သည်။

ရှင်ဘုရင်ကြီးသည် နန်းတော်ရင်ပြင်ထဲကဝိုင်းတွင် ဝင်ထိုင်၏။ သူ့ဝိုင်းတွင် သူတစ်ယောက်တည်းဖြစ်သည်။ ဘုရင်ကြီးသည် ထမင်းစားရန် လက်ဆေး၏။

ထိုအခိုက်တွင် ဖိုးဆန်းသည် ခပ်တည်တည်နှင့်ဝိုင်းရှေ့ရောက်လာပြီး ကြက်ပေါင်ကြော်ကြီးကို ဇက်ခနဲဆွဲယူ၍ ထိုင်စားသည်။ ဘုရင်ကြီးကား ဤအရူးသည် ဆာရှာလွန်းသဖြင့် နှိုက်ယူစားသောက်သည်ဟုတွေးကာ သဘောကောင်းလှသူဖြစ်သဖြင့် ဘာမျှမပြောဘဲထမင်းကို ငုံ့စားသည်။ အနီးအနားမှ မင်းယောကျ်ားများသည်လည်း ဘုရင်ကြီးက ဘာမျှမပြောသဖြင့် ကျေနပ်စွာခွင့်ပြုထားသည်ဟု သဘောထားကာ လိုသမျှကို ဖြည့်ပေး၏။

ဖိုးဆန်းကား ဤအခွင့်အလမ်းသည် သူ၏နတ်ဖြစ်ကြောင်း

mgyoe.com

mgyoe.com


သူ့ဘာသာသူ စမ်းသပ်ကြည့်နိုင်မည့်အခွင့်ကောင်းဟု သဘောထားသည်။ ဘုရင်ကြီးသည် ကြက်အသဲတုံးကိုယူ၍ သူ့ထမင်းပုံပေါ်သို့ စားရန်တင်လိုက်၏။ ဖိုးဆန်းက ဇတ်ခနဲနှိုက်ယူစားသည်။ တစ်ဖန် ဘုရင်ကြီးက နောက်ထပ်ကြက်ပေါင်တစ်ခုကို ယူထားရာ ဖိုးဆန်းက ဇတ်ခနဲဆွဲယူစားသောက်၏။ ဘုရင်ကြီးကား သဒ္ဓါတရားကြွယ်ဝလှသူဖြစ်၍ ဘာမျှမပြောချေ။ ငတ်မွတ်လာသူကို ကျွေးမွေးရခြင်းဖြစ်သဖြင့် သူ့တွင် ကုသိုလ်ပို၍ထူးသည်ဟုယူဆကာ ပြုံးပြုံးကြီးပင် ဖြစ်လာ၏။ ဖိုးဆန်းသည်လည်း 'နတ်ဘဝဟာ တော်တော်ဇိမ်ရှိတာပဲ၊ ကိုယ်ယောင်ဖျောက်လို့ရတယ်'ဟု ကျေနပ်ကာ ပြုံးပြုံးကြီးဖြစ်နေသည်။

ဖိုးဆန်းသည် ထမင်းဝသောအခါ နန်းတော်ပေါ်တက်၍ အကောင်းဆုံးသောသလွန်ကိုရှာကာ ဝင်ရောက်လှဲလျောင်းလိုက်၏။ စည်းစိမ်ရှိလှသော အိပ်ရာဖြစ်သဖြင့် အိပ်ပျော်သွားလေတော့သည်။

အိပ်ချိန်တန်၍ ဘုရင်ကြီးရောက်လာသောအခါတွင် သူ့အိပ်ရာတွင် ဖိုးဆန်းဝင်၍အိပ်နေကြောင်း တွေ့ရလေ၏။

သို့သော် သဘောကောင်းလှသော ဘုရင်ကြီးသည် ကျေကျေနပ်နပ်ပင်ခွင့်လွှတ်၍ သူကိုယ်တိုင်ကမူ သလွန်၏ဘေးကြမ်းပေါ်မှ ကော်ဇော်ပေါ်တွင်ပင် လှဲအိပ်လိုက်သည်။

သန်ကောင်ကျော်အချိန်သို့ရောက်သောအခါ ရန်သူဘုရင်ကြီး၏ သူလျှိုတစ်ယောက်သည် ဘုရင်ကြီးကိုလုပ်ကြံသတ်ဖြတ်ရန် လေသာပြတင်းမှကျော်၍ ဝင်လာလေသည်။ သူ၏လက်ထဲတွင် အသွားထက်လှစွာသော ဓားမြှောင်ကြီးကို ကိုင်လာသည်။

mgyoe.com

mgyoe.com


သူသည် သလွန်ဆီသို့မှန်း၍ လာသည်။ ဘုရင်ကြီးမှာ မှောင်ထဲတွင် အိပ်လိုတတ်သောကြောင့် မီးတိုင်မရှိချေ။ ထို့ကြောင့် သူလျှိုသည်လည်း မှောင်ထဲတွင်ပင် သလွန်ဆီသို့မှန်း၍ တရွရွလျှောက်လာခဲ့၏။ သလွန်နားရောက်လျှင် သလွန်ပေါ်ကလူကိုထိုးရန် ဓားမြှောင်ကို အဆင်သင့်မြှောက်ထား၏။

တစ်လှမ်း. . တစ်လှမ်း. . တစ်လှမ်း။ သူသည် မှောင်ထဲတွင် ခြေသံမကြားအောင် ချွတ်နင်း၍ရှောက်လာသည်နှင့်အမျှ သလွန်နှင့် တဖြည်းဖြည်းနီးကပ်လာသည်။

တစ်လှမ်း. . တစ်လှမ်း. . တစ်လှမ်း သူလျှိုသည် ဓားမြှောင်ကိုင်ထားသောလက်ကို ပို၍မြှောက်ထားသည်။

တစ်လှမ်း. . တစ်လှမ်း. . ဒုတ်။

"ဟိုက်"

သူလျှိုသည် မမျှော်လင့်ဘဲ ကြမ်းပေါ်တွင် ကန့်လန့်ကြီးအိပ်နေသော ဘုရင်ကြီးကို မှောင်ထဲ၍ခလုတ်တိုက်မိလေတော့၏။ ဤသို့ ခလုတ်တိုက်လိုက်သည်နှင့်တစ်ပြိုင်နက် လူဆိုးသည် သလွန်ပေါ်သို့ ကန့်လန့်ဖြတ်၍ ဟပ်ထိုးကြီးကျသွားသည်။ သူ့တစ်ကိုယ်လုံးမှာ သလွန်ကိုကျော်၍ သူ့ခြေထောက်တစ်ဖက်သာ ဖိုးဆန်း၏မျက်ခွက်ပေါ်သို့ ကျရောက်သည်။

ဖိုးဆန်းကားညနေက စားသောက်ခဲ့ရသော စားသောက်ဖွယ်ရာများကို အိပ်မက်ထဲပြန်၍မက်နေလေရာ အိပ်မက်ထဲတွင်ပင် ကြက်ပေါင်ကြော်ကြီးကို အားရပါးရ ကိုက်ပြန်လေ၏။

"အား. . ကိုက်တယ်၊ ကိုက်တယ်"

လူဆိုးသည် ငယ်သံပါအောင်အော်၍ ရုန်း၏။ ဖိုးဆန်းက သူ့

mgyoe.com

ခြေသလုံးကို လက်နှစ်ဖက်နှင့်ကိုင်၍ ဖက်ကိုက်နေသောကြောင့် ဖြစ်ပါသည်။ လူဆိုး၏အော်သံကြောင့် ဖိုးဆန်းသည် လန့်နိုးလာကာ ခြေထောက်ကိုလွှတ်လိုက်ပြီး ထထိုင်သည်။ သူ့လက်ထဲတွင် လက်နက်မရှိသောကြောင့်ခေါင်းအုံးကြီးကို လက်နှစ်ဖက်နှင့် ကိုင်ထား၏။ ကြမ်းပြင်ပေါ်သို့ကျသွားသော လူဆိုးသည် ချက်ချင်း ပြန်ထကာ လက်ထဲက ဓားမြှောင်နှင့်ထိုး၍ ဖိုးဆန်းကိုင်ထားသော ခေါင်းအုံးကြီးကို တစ္စပ်စွပ်နှင့်ထိုးမိသည်။

ဖိုးဆန်းသည် သလွန်ပေါ်ကထိုင်လျက်ပင် မှောင်ထဲ၌ ရမ်းသန်းပန်းသန်းခြေဖြင့် ကန်ထည့်လိုက်ရာ ရှေ့ကလူဆိုး၏ဗိုက်ကို တည့်တည့်ကန်မိသည်ဖြစ်သောကြောင့် လူဆိုးမှာ အင့်ခနဲမြည်၍ ကြမ်းပေါ်တွင် ပက်လက်လန်လဲကျနေတော့သည်။

ဆူညံသံများကြောင့် မင်းယောကျ်ားတို့သည်မီးတိုင်များကို ယူဆောင်လာကြသည်ဖြစ်သောကြောင့် အဆောင်ထဲတွင် လင်းသွားတော့သည်။ ဘုရင်ကြီးသည် သလွန်နားကပ်လာ၏။

"ကိုယ်ရောင်ပေါ်စေ. . "

ဖိုးဆန်းသည် သလွန်ပေါ်တွင်ထ၍ခုန်ရာ ဘုရင်ကြီးပင် တွန့်ခနဲဖြစ်သွား၏။

"အရှင်မင်းကြီး. . ကျုပ်ကိုမြင်ပြီလား"

"မြင်သားပဲ"

"မဟုတ်ဖူးလေ"

"ဟုတ်ပါတယ်လေ"

"မဟုတ်သေးဘူးဘုရား။ အခုမှမြင်တာမဟုတ်လား"

"အခုမှ မီးတိုင်တွေယူလာတာကိုး၊ အခုမှမြင်တာပေါ့။ စော

mgyoe.com